မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်


သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၀)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၇ ရက်၊ အင်္ဂါနေ့


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နေပြည်တော်ကောင်စီနယ်မြေတွင် Grade-12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုနေမှုကိုတွေ့ရစဉ်။

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade-12 ကျောင်းသား/ကျောင်းသူများ ယနေ့မှစ၍ စာမေးပွဲများပြန်လည်ဖြေဆို

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား/ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီလ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့်မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး စာမေးပွဲပြန်လည်ကျင်းပမည့်ရက်အား ဇွန်လ ၁၆ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ သတ်မှတ်ထားသည့်မြို့နယ်အသီးသီးရှိစာစစ်ဌာနများတွင်

**စာမျက်နှာ ၅ ကော်လံ ၁** ■

## မြေကြီးကရွှေသီးစေဖို့ စိုက်ပျိုးမြေဆီလွှာကို ထိန်းသိမ်းကြပါစို့

ဆောင်းပါး စာ - ၇ သို့

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၁၁၆ ဧက စိုက်ပျိုးပြီးစီး

စာ - ၃ သို့

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၆-၂၀၂၅

| | | |
|---|---|---|
| ကျိုက္ခမီ | ၈ ဒသမ ၃၅ | လက်မ |
| မုဒုံ | ၅ ဒသမ ၅၉ | လက်မ |
| ချောင်းဆုံ | ၅ ဒသမ ၁၂ | လက်မ |
| ဟိုင်းကြီးကျွန်း | ၄ ဒသမ ၅၃ | လက်မ |
| ကလေး | ၄ ဒသမ ၄၅ | လက်မ |
| ရေး | ၄ ဒသမ ၁၇ | လက်မ |
| စစ်တွေ | ၄ ဒသမ ၀၆ | လက်မ |
| ကျိုက်မရော | ၃ ဒသမ ၃၁ | လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၈၇ | လက်မ |
| ညောင်လေးပင် | ၂ ဒသမ ၆၀ | လက်မ |




Myanmar Mobile Money (MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၇ ရက်)

## အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးနှင့်ပတ်သက်လာလျှင် ဆရာ၊ ဆရာမတို့သည် အဓိက ထိန်းကျောင်းပဲ့ပြင်နိုင်သူများဖြစ်ကြသည်။ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့်အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်သည်။ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့်နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်ဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကိုမွေးထုတ်ပေးနိုင်ရမည်ဖြစ်သည်။ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ပညာရေးကိုအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရန်အတွက် အခမဲ့ပညာရေးစနစ်ကိုကျင့်သုံးလျက်ရှိရာ မိဘများအနေဖြင့် သားသမီးများအား ကျောင်းသို့ရောက်ရှိရေး အဓိကဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသည့်အတိုင်း ကလေးငယ်များအား မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိရမည်ဖြစ်သကဲ့သို့ ဆရာ၊ ဆရာမများကလည်း သွန်သင်ပေးရမည်ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် သားသမီးမကောင်းမိဘခေါင်း၊ တပည့်မကောင်းဆရာ့ခေါင်းဟုဆိုထားပေရာ မိဘ၊ ဆရာတို့အနေဖြင့် တာဝန်ကျေပွန်နေကြရမည်ဖြစ်သည်။ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့် အချိန်များသဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြသည်။ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း စနစ်တကျလေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးလှသည်။

ကျောင်းသား၊ ကျောင်းသူအရွယ်ဆိုသည်မှာ အသိဉာဏ်မြင့်မားခြင်းမရှိသေးသည့်အတွက် အသိဉာဏ်ပိုမိုမြင့်မားလာစေရန် ဆရာ၊ ဆရာမများကဟောပြောပို့ချမှုများပြုလုပ်ရမည့်အပြင် ကျောင်းစာကြည့်တိုက်များတွင်လည်း တန်ဖိုးကြီးမားသောစာပေများကိုဖတ်ရှုရမည်ဖြစ်သည်။ ပညာရေးတွင်အားနည်းသောကလေးများ၊ စာပေလေ့လာဖတ်ရှုမှုအားနည်းသောကလေးများသည် မကောင်းသောပတ်ဝန်းကျင်၏ဆွဲဆောင်မှုခံရသောအခါ အကြမ်းဖက်မှုဖြစ်စဉ်များတွင်ပါဝင်သွားကြသည်။ ဤသည်ကို ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရသည်။ မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၁ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍အမှာစကားပြောကြားစဉ် **"ကျောင်းသား၊ ကျောင်းသူများ သုတ၊ ရသ စာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာအတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက်များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာအား စာအုပ်စာပေများဖတ်ရှုခြင်းမှရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ်လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍ အခြေခံကောင်းများ၊ အစဉ်အလာကောင်းများရှိသည့်မြို့ဖြစ်သည်။ ထိုသို့သောပညာရေးဆိုင်ရာအခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ပညာရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကာ စည်းကမ်းစနစ်တကျရှိသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပညာရေးပိုမိုကောင်းမွန်ရန် အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်စကားနှင့်အညီ ကျောင်းသား၊ ဆရာ၊ မိဘတို့ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# တောင်ကြီးမြို့၌ စွန့်ပစ်ပစ္စည်းများခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်းဆောင်ရွက်

တောင်ကြီး ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ဇွန်လ ၁၆ ရက် နံနက်ပိုင်းတွင် စွန့်ပစ်ပစ္စည်းများခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့်သရုပ်ပြသခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က နေ့စဉ်လူနေမှုဘဝတွင် စွန့်ပစ်ပစ္စည်းများနှင့် မလွဲမသွေတွေ့ကြုံနေရကြောင်း၊ ပတ်ဝန်းကျင်တွင်ကောင်းမွန်သည့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများနှင့်အတူ စနစ်တကျစွန့်ပစ်ခြင်းကြောင့် သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်အခြေအနေများရှိသကဲ့သို့ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအားနည်းသည့်အတွက် စည်းကမ်းမဲ့စွာစွန့်ပစ်မှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအခြေအနေများလည်းရှိကြောင်း၊ အခြေခံအားဖြင့် ဘေးအန္တရာယ်ရှိသည့်စွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်မရှိသည့်စွန့်ပစ်ပစ္စည်းများ၊ ထုတ်ကုန်အဖြစ် ပြန်လည်ပြုပြင် အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် ပြန်လည်ပြုပြင်အသုံးပြု၍မရနိုင်သည့် စွန့်ပစ်ပစ္စည်းများဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းသန်းက စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသိန်းဝင်းက အမှိုက်များခွဲခြားစွန့်ပစ်နိုင်ရေးကို ပါဝါပွိုင့်ဖြင့် သရုပ်ပြသသည်။

ယင်းနောက် ရှမ်းပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထွန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

(၄၀၅)

# ဟုမ္မလင်းခရိုင်၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးမည်

ဟုမ္မလင်း ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟုမ္မလင်းခရိုင်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်၌ဧက ၁၁၁၀ နှင့် မိုပိုင်းလွတ်မြို့၌ ဧက ၁၅၀ စုစုပေါင်း ဧက ၁၂၆၀ တို့ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်တယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးမယ်"ဟု ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးကပြောသည်။

ဟုမ္မလင်းခရိုင်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကိုအသုံးချပြီး နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၆-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၈၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၁၁၆ ဧကစိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇွန် ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၁၁၆ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၃၁၁၆ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ လက်ရှိအချိန်ထိ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတဲ့အပြင် အထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ နှမ်းစိုက်တောင်သူများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဗိုလ်တထောင်ခရိုင်အတွင်းရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့များအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်ပို့ချ



ရန်ကုန် ဇွန် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဗိုလ်တထောင်ခရိုင်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဗိုလ်တထောင်ခရိုင်အတွင်းရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့များအား မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/ ၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ရှိ ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းစမ်းအေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က ပရဟိတအဖွဲ့များအား ပံ့ပိုးငွေများပေးအပ်ရာ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီးက လက်ခံရယူသည်။

ယင်းနောက် ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ဗိုလ်တထောင်ခရိုင်အတွင်းရှိ လူမှုရေးဆိုင်ရာ ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၁၆ ရက်မှ ၂၇ ရက်အထိဖြစ်သည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးဘေး၊ ရေဘေးအပါအဝင် သဘာဝဘေးအန္တရာယ်အရပ်ရပ်အပေါ် အသင့်ကြိုတင်စုဖွဲ့လေ့ကျင့်ထားနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်လာပါက အလျင်အမြန်တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရန်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များကြား အပြန်အလှန်လေးစားယုံကြည်မှုများဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးယာဉ်/စက်ပစ္စည်းကိရိယာများကို စနစ်တကျကိုင်တွယ်အသုံးပြုထိန်းသိမ်းတတ်စေရန်နှင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစွမ်းရည်များ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**နေကိုထိုက်**

# တရုတ်နိုင်ငံ၌ကျင်းပမည့် 138th Canton Fair တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ခေါ်ထား

ရန်ကုန် ဇွန် ၁၆

တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုဖြစ်သော 138th Canton Fair တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါ 138th Canton Fair ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့ရှိ China Import and Export Fair Complex (Pazhou Complex) ၌ ယခုနှစ် အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲကို အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး အပိုင်း (၁) ကို အောက်တိုဘာလ ၁၅ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ အပိုင်း (၂) ကို အောက်တိုဘာလ ၂၃ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ အပိုင်း (၃)ကို အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း၊ ပြပွဲအပိုင်းတစ်ခုနှင့်တစ်ခုကြား ပြခန်းပြင်ဆင်သည့်ရက်များအနေဖြင့် အောက်တိုဘာလ ၂၀ ရက်မှ ၂၂ ရက်အထိနှင့် အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ သတ်မှတ်ခွင့်ပြုပေးထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အီလက်ထရွန်နစ်အိမ်သုံးပစ္စည်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စမတ်နည်းပညာများ၊ စက်ယန္တရားများ၊ မော်တော်ယာဉ်များနှင့် အပိုပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ အိမ်သုံးကြွေထည်ပစ္စည်းများ၊ အထည်အလိပ်နှင့်အဝတ်အစားများ၊ ဆေးဘက်ဆိုင်ရာကိရိယာများ၊ စာရေးကိရိယာများ၊ စားသောက်ကုန်များ၊ ကစားစရာအရုပ်များနှင့် ကလေးပစ္စည်းများ စသည့်ကုန်ပစ္စည်းအမျိုးပေါင်းများစွာ ပါဝင်ပြသမည်ဖြစ်သည်။

ပြပွဲတစ်ပိုင်းစီတွင် ပါဝင်ပြသမည့် ကုန်ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အင်တာနက်ဝက်ဘ်ဆိုက် https://www.examine-china.com/canton-fair-fall-2025 တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်းနှင့် အဆိုပါ 138th Canton Fair ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇- ၄၀၈၆၂၃ နှင့် အီးမေးလ် event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"နံ့နက်လင်း၍ ရထားထွက်သဖြင့် သာစည်ဘူတာသို့ရောက်ကြသောအခါ ဗိုလ်ကပြား လက်မှတ်စစ်တစ်ယောက်တက်လာ၏။ ကျွန်ုပ်တို့၌ လက်မှတ်မရှိချေ။ ကျွန်ုပ်တို့၏အထင်ကား အစိုးရနိဗ္ဗာန်ကူးတို့ ပို့လျက်ပင်ရှိသေးသည်ထင်၏။ ကသာမှ မန္တလေးသို့တိုင်အောင် လက်မှတ်စစ်ခြင်းမရှိသောကြောင့် သာ၍ပင်ထင်မိ၏။ သို့ဖြစ်၍ လက်မှတ်စစ်တက်လာသောအခါ ကျွန်ုပ်တို့အံ့သြလျက်ရှိ၏။ လက်မှတ်စစ်ကမေးသောအခါ လက်မှတ်မပါကြောင်း ပြောင်ပြောင်ရဲရဲပင်ပြောလိုက်ကြ၏ . . ."**

**ယမန်နေ့မှအဆက်**

ကိုသိန်းဖေက ပြောသည်မှာ-

"ဒီစီးကရက်မျိုးပေါ်တာ ဘယ်လောက်ကြာပြီလဲမသိဘူး၊ ဦးချစ်စုက တည်လို့ကျုပ် သောက်ရဖူးတယ်၊ သိပ်ကြိုက်တာပဲ၊ ဒါပေမဲ့ ဈေးကြီးလို့ ဝယ်မသောက်နိုင်ဘူး၊ ဒီတစ်ခါတော့ ခင်ဗျားတို့လာတုန်းမို့ ဘယ်လောက်ပေးရပေးရဆိုပြီး ဝယ်တည်လိုက်တာပဲ" ဟုပြောလေရာ သူသောက်ချင်လျက်နှင့် မဝယ်ဘဲ ကျွန်ုပ်တို့အတွက် ဝယ်သည်ဟူသောစကားသည် ကျွန်ုပ်၏စိတ်ကို အတော်ကြီးထိခိုက်လှသည်။ ကိုသိန်းဖေကား နှမြောတတ်သူမဟုတ်။ သုံးရက်ဖြုန်းရက်သူတစ်ယောက်ဖြစ်လေရာ သူ၏ပင်စင်လခလေးဖြင့် တိုင်းတိုင်းထွာထွာသုံးရရှာသည်တွင် ကျွန်ုပ်အတွက် တစ်ခါတစ်ရံ တတ်နိုင်သလောက် ကြဲရှာသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်လေသည်။

ကိုခင်မောင်တင့်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကောင်းသောအချက်အလက်များရှိစေကာမူ ကိုသိန်းဖေ၏ ဤကောင်းနည်းမျိုးမရှိခြင်းကို ကျွန်ုပ်သိသည်နှင့် ကိုခင်မောင်တင့်၏မျက်နှာကို ကျွန်ုပ်က စေ့စေ့ကြီးကြည့်လိုက်သည်။ အဓိပ္ပာယ်ကား "ဘယ့်နှယ်လဲဗျာ၊ ကျုပ်လူ မတော်ပေဘူးလားဗျာ" ဟူ၍ ပြောလိုခြင်းပင်ဖြစ်လေသည်။ ခေါင်းရည်တော်တော်မူးလတ်သော် ကိုသိန်းဖေသည် ဤအလုပ်မျိုးတွင် လောဘကြီးတတ်သည့်အတိုင်း ခပ်မူးမူးနှင့် သဒ္ဒါလွန်၍ စားစရာသောက်စရာများကို မကုန်နိုင်မခန်းနိုင် ဆက်လက်မှာယူလေရာ ကျွန်ုပ်ကထပြီး သူ့အိတ်ထဲမှပင်စင်လခကိုနှိုက်ယူ၍ ဤမျှသာသုံးရမည်ဆိုကာ ဖယ်ထားပြီး အကျန်ကို ကျွန်ုပ်၏အိတ်ထဲသို့ ထည့်ထားလိုက်ရလေသည်။ ထိုနေ့က ကျွန်ုပ်တို့သုံးယောက်အနက်တွင် ကျွန်ုပ်သည် တမင်တကာ အနည်းဆုံးသောက်သူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် မဏ္ဍိုင်သဖွယ်ဖြစ်၍ ကျွန်ုပ်မှားလျှင် အားလုံးမှားကုန်ကြမည်ဖြစ်ပါသောကြောင့်တည်း။

**ရန်ကုန်သို့ပြန်ခြင်း**

ကျွန်ုပ်တို့သည် ဇရစ်ချောင်ရွာ၌ ၁၂ ရက်ခန့် နေထိုင်ကြသည့်အတွင်း ရန်ကုန်သတင်းကို နားစွင့်လျက်ရှိကြ၏။ ရန်ကုန်ကို ဗုံးများထပ်၍မကြဲသောကြောင့် သူရိယသည် နေရာပြောင်းရွှေ့ပြီး သတင်းစာထုတ်ဝေလျက်ရှိကြောင်း ကြားရ၏။ ကိုခင်မောင်တင့်၌ ပိုက်ဆံမပါ။ ကျွန်ုပ်တို့၌ အနည်းငယ်သာပါ၍ ကိုသိန်းဖေ၏ ပင်စင်လခမှာလည်း မများလေရကား ကျွန်ုပ်သည် ဤအတိုင်း ထိုင်စားကြ၍ မဖြစ်နိုင်ကြောင်းသိသည်နှင့် မစိုးကို ဒေါ်ဖူးညိုတို့နှင့်ထားခဲ့ကာ ကိုခင်မောင်တင့်နှင့် ရန်ကုန်ပြန်ပြီး အလုပ်ဝင်ရန် ဆုံးဖြတ်လေ၏။ ကိုသိန်းဖေတို့က ဖြစ်သလိုဝေစားပါမည်ဟုပြောကြသော်လည်း ငွေအကြောင်းကို သိသော ကျွန်ုပ်သည် ပြန်မှဖြစ်မည်ဟု ပြောကာ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ကိုခင်မောင်တင့်နှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြလေ၏။ ထိုနှစ်မှာ ကသာမြို့၌ ကျွန်ုပ်မှတ်မိသလောက် အချမ်းအေးဆုံးဖြစ်ရာ ကျွန်ုပ်တို့သည် နံနက် ၄ နာရီထွက်သည့်ရထားပေါ်တွင် မီးသွေးမီးဖိုလေး တစ်ခုနှင့် မီးသွေးနှစ်ပြည်ခန့် ဆောင်ယူကာ မီးလှုံကြရလေသည်။ ထိုခေတ်အခါက ခရီးသွားရခြင်းမှာ အလွန်စိတ်မချရဘဲ ရင်တနွေးနွေးရှိကြရသော်လည်း အလွန်ချမ်းအေးသော နဘားဘူတာရုံမှစ၍ မီးကျီးတွေရဲရဲနီသော မီးဖိုလေးအနီး၌ထိုင်ကာ လိုက်ရခြင်းတည်းဟူသော ဇိမ်ကို ယနေ့တိုင် မမေ့နိုင်အောင်ရှိပါတော့သည်။ ဝက်လက်ဘူတာသို့ ရောက်သောအခါ ဖခင်ကိုသတိရ၍ မန်ကျည်းတုံရွာကလေးသို့ မျှော်ကြည့်ရုံသာ ကြည့်ခဲ့နိုင်၏။ အသိမတွေ့သဖြင့် မေးမြန်းခြင်း၊ မှာထားခြင်းမပြုခဲ့နိုင်ပေ။ ထိုညဉ့်၌ ကျွန်ုပ်တို့သည် မန္တလေးဘူတာကြီး၌ပင် အိပ်ကြရ၏။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ ယခင်အကြိမ်ကနှင့်မတူဘဲ ခြားနားခြင်းတစ်ခုရှိသည်မှာကား ဤတစ်ခေါက်၌မူ မိန်းမသားဖြစ်သော မစိုးတစ်ယောက်မပါသည့်အတွက် အလွန်တာဝန်ပေါ့၏။ ကျွန်ုပ်တို့ယောကျ်ားနှစ်ယောက်ချည်း ဖြစ်သောကြောင့် ကြုံချင်ရာကြုံကြရစေ၊ ပေါ့ပါးစွာ တိမ်းရှောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်သည်။

**လက်မှတ်အခက်အခဲ**

နံ့နက်လင်း၍ ရထားထွက်သဖြင့် သာစည်ဘူတာသို့ ရောက်ကြသောအခါ ဗိုလ်ကပြား လက်မှတ်စစ်တစ်ယောက် တက်လာ၏။ ကျွန်ုပ်တို့၌ လက်မှတ်မရှိချေ။ ကျွန်ုပ်တို့၏အထင်ကား အစိုးရနိဗ္ဗာန်ကူးတို့ ပို့လျက်ပင်ရှိသေးသည်ထင်၏။ ကသာမှ မန္တလေးသို့တိုင်အောင် လက်မှတ်စစ်ခြင်းမရှိသောကြောင့် သာ၍ပင်ထင်မိ၏။ သို့ဖြစ်၍ လက်မှတ်စစ်တက်လာသောအခါ ကျွန်ုပ်တို့ အံ့သြလျက်ရှိ၏။ လက်မှတ်စစ်ကမေးသောအခါ လက်မှတ်မပါကြောင်း ပြောင်ပြောင်ရဲရဲပင်ပြောလိုက်ကြ၏။ ဤနေရာ၌ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအခြေအနေကို ဖော်ပြရဦးမည်။ ကိုခင်မောင်တင့်၌ ပိုက်ဆံပါဟန်မရှိ။ ကျွန်ုပ်၌ ငွေ ၁၀ ကျပ်ပါခဲ့ရာ လမ်းတွင် ထမင်းဟင်းလေးနပ်အတွက်သာ ရည်ရွယ်၍ လက်မှတ်ခကို လုံးဝစိတ်ကူးမထည့်ခဲ့ချေ။ ဤတွင် ကိုခင်မောင်တင့်က ရန်ကုန်ဘူတာမှ ကုလားလက်မှတ်စစ်များနည်းတူ ဤနှယ် ထိုနှယ်ပြောပါသေး၏။ မစွံချေ။ ဤမျှသာမက လက်မှတ်စစ်သည် ကျွန်ုပ်တို့နှစ်ယောက်နှင့် သူတစ်ယောက်တည်းဖြစ်နေခြင်းကို လန့်သည့်လက္ခဏာနှင့် တခြားကပြားလက်မှတ်စစ်တစ်ယောက်ကို လှမ်းခေါ်လိုက်၏။ ဤအတောအတွင်း၌ ကျွန်ုပ်၏စိတ်ထဲတွင် ချီတုံချတုံဖြစ်လျက် မဆုံးဖြတ်နိုင်ဘဲရှိနေသော အခြင်းအရာတစ်ခုကို ဖော်ပြပါဦးမည်။

ဒုတိယရောက်လာသော ကပြားလက်မှတ်စစ်ကို ကျွန်ုပ် ကောင်းကောင်းသိ၏။ သူကလည်း ကောင်းကောင်းသိဖူး၏။ သို့သော် မသိချင်ပြု၍နေခြင်းလော၊ တကယ်မမှတ်မိ၍လော မပြောတတ်ချေ။ သိပုံက ဤသို့တည်း၊ လွန်ခဲ့သော ၁၅ နှစ်ခန့်လောက်က လယ်ယာစိုက်ပျိုးရေးရုံး၌ အလုပ်လုပ်ခဲ့စဉ် ဒရက်ဂွန်အမည်ရှိ စာရေးတစ်ယောက်ရှိရာ သူနှင့်ကျွန်ုပ် တော်တော်ခင်မင်ကြ၏။ မတ္တရာနယ် ဆည်ကြီးဘက်သို့ ငှက်ပစ်သွားကြစဉ်က ဒရက်ဂွန်၏ယောက်ဖများလည်းပါကြောင်း ရေးသားခဲ့ဖူးရာ ယခုလက်မှတ်စစ်မှာ ဒရက်ဂွန်၏ယောက်ဖတစ်ယောက်ဖြစ်၍ ထိုစဉ်ကတည်းက လက်မှတ်စစ်ဖြစ်သည်ဟု ကျွန်ုပ်သိသည်။ သူတို့လူစုသည် ကျွန်ုပ်၏ ခြင်ထောင်ထဲသို့ ဦးခေါင်းများထိုးသွင်း၍ အိပ်ကြခြင်းကြောင့် ကျွန်ုပ်၌ ငှက်ဖျားရခဲ့ခြင်းကိုလည်း ဖော်ပြခဲ့ဖူးလေပြီ။ ကျွန်ုပ်မှာ ယခုအခါ၌ အကျပ်အတည်းကျနေ၍ သူက ကယ်မည်ဆိုလျှင် ကယ်နိုင်လောက်သောအခြေအနေရှိ၏။ သို့ဆိုလျှင် ထိုသူအား ရှေးဟောင်းအဖြစ်ကို ပြန်ပြော၍ မိတ်ဆက်ရမည်လောဟု ကျွန်ုပ်စဉ်းစား၏။ ကျွန်ုပ်သိရသလောက်မှာ ကပြားများသည် အလွန်လူလည်လုပ်တတ်သည်။ ကျွန်ုပ်က ရှေးဟောင်းအဖြစ်ကို ပြန်ပြော၍ သူက မသိချင်ပြုနေလျှင် ကျွန်ုပ် သေလုအောင် ရှက်ရပေတော့မည်။ သို့ဖြစ်၍ ဖြစ်ချင်ရာဖြစ်စေ၊ ကျွန်ုပ် မပြောတော့ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

**ရွှေးယူရခြင်း**

လက်မှတ်စစ်က မည်သည့်ဘူတာမှ စီးခဲ့ကြသနည်းဟုမေးရာ မန္တလေးမှဟု လိမ်၍ပြောရ၏။ သွားမည့်ခရီးမှာ ရန်ကုန်ဖြစ်ခြင်းကိုလည်း ပြောရ၏။ နောက်ဆုံး၌ ဤဘူတာမှ လက်မှတ်ယူကြရန်ပြောရာ ကျွန်ုပ်တို့က အခမဲ့ပို့သည်ဆိုသောကြောင့် စီးခဲ့ကြခြင်းဖြစ်၍ ပိုက်ဆံမပါကြောင်း ပြောရသည်။ ဤတွင် လက်မှတ်စစ်နှစ်ယောက်တိုင်ပင်၍ ကျွန်ုပ်တို့အား ရန်ကုန်ထိအောင် အစောင့်အရှောက်နှင့် ခေါ်ခဲ့ဖို့ ဆုံးဖြတ်ကြလေ၏။ အစောင့်အရှောက်ဆိုသည်မှာ တခြားမဟုတ်။ ကျွန်ုပ်တို့အနီး၌ လက်မှတ်စစ်တစ်ယောက် ထိုင်၍လိုက်ပြီး အလှည့်ဖြင့်စောင့်ကြခြင်းဖြစ်၏။ လက်မှတ်စစ်များသည် သူတို့၏ နယ်ဆုံးသောအခါ နောက်ရောက်လာသောလက်မှတ်စစ်များအား ကျွန်ုပ်တို့ကို လွှဲအပ်ထားခဲ့၏။ သို့ရာတွင် နောက်လူများသည် ပထမလူများကဲ့သို့ ကျွန်ုပ်တို့အပေါ်၌ အထင်သေးဟန်မရှိဘဲ "ခင်ဗျားတို့ကို ယုံကြည်ပါတယ်"ဟုဆိုကာ ကပ်၍မလိုက်ဘဲ လွတ်လပ်စွာထားပါပေသည်။ ကျွန်ုပ်တို့သည် ရထားပေါ်မှဆင်းနေရစ်ခြင်းအားဖြင့် တိမ်းရှောင်ဖို့ စိတ်ကူးမိပါသေး၏။ သို့သော် ပိုက်ဆံမပါသော ကျွန်ုပ်တို့အဖို့၌ ရထားပေါ်မှဆင်းနေရစ်ပြီး မည်သည့်အချိန်မှ နောက်ရထားရောက်လာမည်ကို မပြောနိုင်သောကြောင့် အကြောင်းမထူးဟုဆိုကာ ထိုင်မြဲတိုင်းထိုင်လိုက်လာကြ၏။ ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်သောအခါ ည ၉ နာရီခွဲပြီးနေလေပြီ။ လက်မှတ်စစ်သည် ကျွန်ုပ်တို့အား ရုံပိုင်ထံသို့ ခေါ်သွားရာ ကျွန်ုပ်တို့ကလည်း အမှန်အတိုင်းပြောပြ၏။ ခိုးစီးခြင်းမဟုတ်၊ အစိုးရက အလကားပို့ပေးသည်ထင်သောကြောင့် စီးခဲ့ခြင်းဖြစ်ကြောင်း၊ ပိုက်ဆံမပါခြင်းလည်း အမှန်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့မှာ ရန်ကုန်၌နေသောလူများဖြစ်၍ ရန်ကုန်သို့ပြန်လာခြင်းဖြစ်ကြောင်းပြောပြ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## ဝါးခယ်မမြို့နယ်၌ မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

ဝါးခယ်မ ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တောင်အူချောင်းဖျားကျေးရွာအုပ်စု စာကျက်စုကျေးရွာ ကွင်းအမှတ်(၁၀၀၄ /က) ဦးပိုင်အမှတ်(၁၇/၁)ရှိ တောင်သူဦးမောင်မောင်အေး၏ လယ်မြေသုံးဧက၌ မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇွန်လ ၁၆ ရက်တွင် ပြုလုပ်သည်။

ယင်းသို့သရုပ်ပြရာတွင် မြောင်းမြခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်၊ ဝါးခယ်မမြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များက ကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံကာ ပြည်တွင်းစားရေရိက္ခာပြည့်စုံဖူလုံရေးနှင့် ပြည်ပတင်ပို့မှုအတွက် လျာထားချက်ပြည့်မီကျော်လွန်စေရန် ပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် စပါးတင်း ၁၀၀ နှင့်အထက် ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး မျိုးစေ့ချကိရိယာ(Drum Seeder) ဖြင့် မိုးစပါးမျိုးစေ့ချသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။

မျိုးစေ့ချကိရိယာ (Drum Seeder) ကိုအသုံးပြုခြင်းဖြင့် မျိုးစေ့ကုန်ကျမှုသက်သာစေခြင်း၊ ရေလိုအပ်မှုနည်းခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများဖျန်းရာတွင် လွယ်ကူခြင်း၊ အပင်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများလွယ်ကူစေ၍ သီးနှံအရည်အသွေးနှင့်အထွက်နှုန်းများ ကောင်းမွန်ကာ ဈေးကွက်ရရှိစေခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့်အတွက် တောင်သူများ၏တစ်ဦးချင်းဝင်ငွေများတိုးပွားလာကာ လူမှုစီးပွားဘဝများမြင့်မားလာခြင်း စသည့်ကောင်းကျိုးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ (ပြန်/ဆက်)


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး Grade-12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည် ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။


ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ Grade-12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။


စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးတို့ Grade -12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည် ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။


စစ်ကိုင်းတိုင်းဒေသကြီးတွင် Grade -12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည် ဖြေဆိုနေမှုကိုတွေ့ရစဉ်။


ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် Grade-12 ကျောင်းသား/ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို တွေ့ရစဉ်။


မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား/ကျောင်းသူများကို တွေ့ရစဉ်။


နေပြည်တော်ကောင်စီနယ်မြေတွင် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား/ကျောင်းသူ များကိုတွေ့ရစဉ်။


မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား/ကျောင်းသူများကိုတွေ့ရစဉ်။

■ **ရှေ့ဖုံးမှအဆက်**

ကျောင်းသား/ကျောင်းသူများ၏၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ပြန်လည်ဖြေဆိုလျက်ရှိကြသည်။ ထိုသို့ကျောင်းသား/ကျောင်းသူများစာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုမှုအနေဖြင့် သတ်မှတ်ထားသည့် တိုင်းဒေသကြီး/ ပြည်နယ်များမှ **စာမျက်နှာ ၆ သို့** ■

# စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်ကွက် ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဩဝါဒခံယူ



သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထားခြင်းနှင့် ဩဝါဒခံယူခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဩဝါဒါစရိယဆရာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းလျှောက်ထားကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား စက်ယန္တရားကြီးဖြင့် မြေသို့ပင့်ဆောင်နေမှုကို ကြည့်ရှု၍ စိန်ဖူးတော်ကြီးအား သီတဂူဆရာတော်ကြီးနှင့် ဩဝါဒါစရိယဆရာတော်ကြီးများထံသို့ ဆက်ကပ်ပြီး ငှက်မြတ်နားတော်တွင်ပါရှိသော ရတနာပစ္စည်းများကို တာဝန်ရှိသူများထံ စနစ်တကျထိန်းသိမ်းထားရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇွန် ၁၆

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန်လ ၉ ရက်မှ ယနေ့အထိယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ် ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး တံခွန်စိုက်ဒိုင်းဆုရရှိသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၁၆

၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စားနယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးကလည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် ဇွန်လ ၁၅ ရက်မှ ယနေ့အထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား/ကျောင်းသူများကိုတွေ့ရစဉ်။

**■ စာမျက်နှာ ၅ မှအဆက်**

စာစစ်ဌာန ၁၉၅ ခုတွင် လာရောက်ဖြေဆိုသူ ကျောင်းသား/ကျောင်းသူ ၆၂၈၂၄ ဦးရှိသည့်အတွက် ဖြေဆိုရာခိုင်နှုန်း ၉၈.၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကျောင်းသား/ကျောင်းသူများစာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚C | / ၃၂˚C |
| ရန်ကုန် | ၂၄˚C | / ၃၂˚C |
| မန္တလေး | ၂၇˚C | / ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မြေကြီးကရွှေသီးစေဖို့ စိုက်ပျိုးမြေဆီလွှာကိုထိန်းသိမ်းကြပါစို့

မြင့်မြင့်ထွန်း(စိုက်ပျိုးရေးဦးစီးဌာန)

မြေဆီလွှာသည် အစားထိုးမရသည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး သီးနှံပင်များ ရှင်သန်ပေါက်ရောက်နိုင်ရန် သတ္တုဓာတ်၊ သစ်ဆွေးဓာတ်နှင့် ရေပေါက်လေပေါက်တို့ဖြင့် အချိုးကျဖွဲ့စည်းထားသည့် အပေါ်ယံအလွှာ တစ်ခုဖြစ်သည်။ ယင်းမြေဆီလွှာဖြစ်ပေါ်လာမှုကို ရာသီဥတု (အပူချိန်၊ မိုးရေချိန်)၊ သက်ရှိများ/ သဘာဝပေါက်ပင်များနှင့် မြေမျက်နှာသွင်ပြင်အနေအထား၊ မိခင်ကျောက်သားနှင့် အချိန်တို့က လွှမ်းမိုးမှုရှိသည်။ မြေဆီလွှာသည် အပင်များကြီးထွားကုပ်တွယ်နိုင်ရန်၊ မြေတွင်းသက်ရှိများအတွက် ခိုအောင်းရာနေရာ၊ အပင်၊ အပင်အာဟာရနှင့် သက်ရှိစွန့်ပစ်ပစ္စည်းများ၊ အဆိပ်အတောက်ရှိပစ္စည်းများအား ဆွေးမြည့်ပြီး အပင်အာဟာရဓာတ်ပြန်လည်ရရှိစေခြင်း၊ မြေအောက်ရေကို ထိန်းထားနိုင်ပြီး ရေသန့်စင်ခြင်းနှင့် လေထုအတွင်း ဓာတ်ငွေ့များဖလှယ်ခြင်းဖြင့် လေထုအခြေအနေကို ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ထုတ်ပြန်ချက်အရ မြေဆီလွှာ ၁ လက်မ ဖြစ်ပေါ်လာရန်အတွက် နှစ်ပေါင်း ၁၀၀၀ ကျော်နှင့်အထက်ကြာမြင့်နိုင်ပြီး တောင်သူများ ထွန်ယက်စိုက်ပျိုးနိုင်သော အပေါ်ယံမြေသား ၆ လက်မ ဖြစ်ပေါ်ရန်အတွက် နှစ်ပေါင်း ၁၀၀၀၀ ကျော်ကြာမြင့်နိုင်သည်။ မြေဆီလွှာတိုက်စားခြင်းကြောင့် ၂၀၅၀ ပြည့်နှစ်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းနှင့်အထက်ထိခိုက်နိုင်ကြောင်းနှင့် လက်ရှိ ၅ စက္ကန့်တိုင်းတွင် ဘောလုံးကွင်းတစ်ကွင်းနှင့်ညီမျှသည့် မြေပမာဏကို ဆုံးရှုံးနေကြောင်း သတိပေးထားသည်။ ထို့ကြောင့်မြေဆီလွှာကိုထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရုံသာမက သက်ရှိဘဝများစွာကို ကယ်တင်ခြင်းဖြစ်တယ်လို့ တင်စားပြောဆိုကြခြင်းဖြစ်သည်။

မြေယာကိုထွန်ယက်စိုက်ပျိုးနေသည့် တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူအသင်းအဖွဲ့များအနေဖြင့် **“မြေဆီလွှာတိုက်စားခြင်းဆိုတာ ဘာလဲ”** ဆိုတာကို သိရှိရန်လိုအပ်လာသည်။ သို့မှသာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မြေဆီလွှာထိန်းသိမ်းရန် သို့မဟုတ် မိမိတို့၏ သဘာဝသယံဇာတအရင်းအမြစ်များအား မည်သို့မည်ပုံထိန်းသိမ်းရမည်ကို သိရှိနိုင်မည်ဖြစ်သည်။ **မြေဆီလွှာတိုက်စားခြင်းဆိုသည်မှာ** မြေမှုန်များ လေ၊ ရေ သို့မဟုတ် သက်ရှိများ၊ မိုးရေမိုးပေါက်များ ထိမှန်ခြင်းနှင့် မြေပြုပြင်ထွန်ယက်ခြင်းကြောင့် မြေမှုန်များကွဲထွက်၍ ယင်းအရာဝတ္ထုများ၏ သယ်ဆောင်မှုဖြင့် တစ်နေရာမှ အခြားတစ်နေရာသို့ ရွေ့လျားခြင်း သို့မဟုတ် အနည်ကျခြင်းဖြစ်စဉ်ဖြစ်သည်။ မြေဆီလွှာတိုက်စားခြင်းပုံစံနှစ်မျိုးရှိပြီး သဘာဝအတိုင်း ဖြစ်ပေါ်လာသည့် မြေဆီလွှာတိုက်စားခြင်းနှင့် လူတို့၏လုပ်ဆောင်ချက် (မြို့ပြများချဲ့ထွင်မှု၊ သစ်တောခုတ်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးခြင်း)ကြောင့် ဖြစ်ပေါ်လာသည့် အရှိန်မြင့်မြေဆီလွှာတိုက်စားခြင်းတို့ဖြစ်သည်။

လေကြောင့် မြေတိုက်စားခြင်းတွင် အရွယ်အစားသေးငယ်သည့် နုန်း၊ မြေစေးနှင့် သစ်ဆွေးဓာတ်များ အဝေးသို့လွင့်ပါ တိုက်စားခြင်း (Suspension)၊ သဲများကို အနည်းငယ်ဝေးသည့်နေရာသို့ ရောက်အောင် လေဖြင့်ပါသွားခြင်း (Saltation)နှင့် အရွယ်အစားကြီးမားသည့် အရာဝတ္ထုနှင့် ကျောက်ခဲများအလျားလိုက်လေဖြင့်ရွေ့လျားခြင်းတို့ဖြစ်သည်။ လေကြောင့် မြေတိုက်စားခြင်း၏ မျက်မြင်လက္ခဏာအဖြစ် အပင်များယိုင်လဲ၍ အမြစ်များပေါ်နေခြင်း၊ သဲကန္တာရဖြစ်ပေါ်ခြင်းနှင့် အပေါ်ယံမြေမျက်နှာပြင်များ ချောမွေ့လာခြင်းဖြစ်သည်။ လေကြောင့် မြေမှုန်များတစ်နေရာမှတစ်နေရာသို့ ရွေ့လျားခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သည့် လေပူများနှင့် လေနှင့်အတူပါလာသည့်သဲများ ပွတ်တိုက်ခြင်းကြောင့် သီးနှံပင်များကြီးထွားဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေသည်။

ရေတိုက်စားခြင်းပုံစံတွင် မိုးရေထိမှန်ပြီး ရေတိုက်စားခြင်းနှင့်စီးဆင်းရေကြောင့် ရေတိုက်စားခြင်းတို့ဖြစ်သည်။ စီးဆင်းရေကြောင့် ရေတိုက်စားခြင်းတွင်အပေါ်ယံမြေတိုက်စားခြင်းနှင့် အောက်မြေဆီလွှာတိုက်စားခြင်းတို့ဖြစ်သည်။ စိုက်ပျိုးမြေများတွင်တွေ့ရသော အပေါ်ယံမြေဆီလွှာတိုက်စားခြင်းတို့မှာ အလွှာလိုက်မြေဆီလွှာတိုက်စားခြင်း၊ ကြောင်းလိုက်မြေဆီလွှာတိုက်စားခြင်း၊ လျှိုတိုက်စားခြင်းနှင့် မြေလုံးမြေခဲဖြစ်ပေါ်ခြင်းတို့ဖြစ်ပြီး အောက်မြေဆီလွှာတိုက်စားခြင်းမှာ ထူးကျင်း/လိုဏ်ခေါင်းပုံ မြေဆီလွှာတိုက်စားခြင်းနှင့်ဒေါင်လိုက်မြေပြိုကျခြင်းတို့ဖြစ်သည်။ စိုက်ပျိုးထွန်ယက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်မြေဆီလွှာတိုက်စားမှုတွင် အလွန်အကျွံ စိုက်ပျိုးထွန်ယက်ခြင်း၊ အကြီးစား လယ်ယာစက်ကိရိယာများ အသုံးပြုခြင်းနှင့် လျှောစောက်အတိုင်း ထွန်ယက်စိုက်ပျိုးခြင်းတို့ကြောင့် ဖြစ်သည်။

မြေဆီလွှာအား ရေနှင့်လေတိုက်စားခြင်းကြောင့် မြေစိုင်မြေခဲများကြေမွပျက်စီးကာ လေပေါက်ရေပေါက်များကို ပိတ်ဆို့ပြီး ရေစိမ့်ဝင်မှုလျော့နည်းခြင်း၊ ခြောက်သွေ့သည့်အခါတွင်လည်း မြေမှုန်များ ဖွဲ့စည်းမှုအားနည်းခြင်းကြောင့် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ပျက်စီးစေသည်။ အကြီးစားလယ်ယာသုံးစက်ကိရိယာများအသုံးပြုခြင်း၊ ထွန်ယက်စိုက်ပျိုးမှုစနစ်မမှန်ကန်ခြင်းတို့ကြောင့် မြေကျပ်ခြင်းကို ဖြစ်ပေါ်စေသည်။

မြေဆီလွှာတိုက်စားခြင်းကြောင့် မြစ်ချောင်း၊ ဆည်ကန်များတွင်နုန်းပို့ခြင်း၊ ရေသွင်းစိုက်ပျိုးသည့်နေရာများတွင် စီးဆင်းရေနှင့်အတူမြေတိုက်စားခြင်း၊ ရေလွှမ်းခြင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ပေါ်လာစေခြင်း၊ မြေဆီလွှာအရည်အသွေးကျဆင်းလာခြင်း၊ သစ်ဆွေးဓာတ်ပါဝင်မှုနည်းပါးလာပြီး မြေဆီလွှာအရောင်ပြောင်းလဲလာခြင်း၊ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများ (မြေသားအနုအကြမ်း၊ မြေချဉ်ခြင်း၊ ဆား/ဆပ်ပြာပေါက်မြေများ ဖြစ်ပေါ်လာခြင်း၊ အာဟာရဓာတ်မညီမျှခြင်း၊ မြေဆီလွှာအာဟာရဓာတ်များ ချို့တဲ့လာခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်း၊ ဇီဝဂုဏ်သတ္တိများ ပျက်စီးလာခြင်း၊ မြေတွင်းရှိ သက်ရှိများ/ အဏုဇီဝသက်ရှိများနည်းပါးလာခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကို သိသိသာသာလျော့နည်းလာစေသည်။

## ရေကြောင့်မြေဆီလွှာ တိုက်စားခြင်း



(က) အလွှာလိုက်မြေဆီလွှာ တိုက်စားခြင်း



(ခ) ကြောင်းလိုက်မြေဆီလွှာ တိုက်စားခြင်း



(ဂ) လျှိုတိုက်စားခြင်း



(ဃ) လိုဏ်ခေါင်းပုံမြေဆီလွှာ တိုက်စားခြင်း

မြေဆီလွှာတိုက်စားခြင်း၏ဆိုးကျိုးများ အနေဖြင့် မြေ၏ထုတ်လုပ်မှုစွမ်းအား ကျဆင်းခြင်း၊ စိုက်ပျိုးမြေဧရိယာများလျော့ကျလာခြင်း၊ အထွက်နှုန်းလျော့နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် ပြောင်းရွှေ့လုပ်သားများပြားလာခြင်း၊ ဆည်၊ မြောင်း၊ ကန်ချောင်းတိမ်ကောလာခြင်း၊ ရေကြီးရေလျှံမှုဖြစ်ခြင်း၊ သီးနှံအရည်အသွေး ညံ့ဖျင်းခြင်းနှင့် သဘာဝဂေဟစနစ် ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမြေများတွင် မြေဆီလွှာတိုက်စားမှု ရှိ/မရှိ စစ်ဆေးကြည့်ရှုရန် လိုအပ်သည်။ မြေဆီလွှာတိုက်စားခြင်း၏ပထမဆုံးလက္ခဏာမှာ သာမန်မျက်စိဖြင့်မြင်နိုင်သည့် မြေဆီလွှာအရောင်ပြောင်းလဲမှုဖြစ်ပြီး သစ်ဆွေးဓာတ်များရာမှနည်းလာသဖြင့် အရောင်ရင့်ရာမှ ဖျော့လာခြင်း၊ မြေဆီလွှာတွင် နိုက်ထရိုဂျင်ဓာတ်နည်းလာပါက သဘာဝပေါက်ပင်များ၏အရောင်သည် စိမ်းရာမှအဝါရောင်သို့ ပြောင်းလဲလာခြင်း၊ အပေါ်ယံမြေဆီလွှာတိုက်စားခြင်းကြောင့် အောက်ခံကျောက်သားများပေါ်လာခြင်း၊ ကျောက်သားအရွယ်အစားကြီးလာခြင်း၊ ပေါင်းမြက်မျိုးစိတ်အသစ်များလာခြင်းနှင့် ပေါင်းမြက်ပေါက်ရောက်မှုများပြားလာခြင်း၊ ထွန်ယက်စိုက်ပျိုးပြီးစ မိုးမိသောစိုက်ခင်းများတွင် အလွှာလိုက်မြေတိုက်စားခြင်းနှင့် ထယ်ကြောင်းအလိုက် မြေတိုက်စားခြင်းတို့အား တွေ့ရှိနိုင်သည်။ ရွှေ့ပြောင်းတောင်ယာနှင့် လျှောစောက်အတိုင်း ထွန်ယက်စိုက်ပျိုးသည့် တောင်စောင်းဒေသများတွင်လည်း မြေဆီလွှာတိုက်စားမှုအား သိသိသာသာ တွေ့ရှိနိုင်သည်။ လူတို့၏စနစ်မကျသည့် မြေယာအသုံးပြုမှုကြောင့်ဖြစ်ပေါ်သည့် မြေဆီလွှာတိုက်စားမှုသည် မြေဆီလွှာဖြစ်ပေါ်ခြင်းဖြစ်စဉ်ထက် အဆ ၁၀၀၀ ကျော်ရှိပြီး ရေရှည်သီးနှံစိုက်ပျိုးမှုအတွက် အဟန့်အတားတစ်ခု ဖြစ်လာခဲ့သည်။

ထို့ကြောင့် မြေဆီလွှာတိုက်စားခြင်းကို လျော့နည်းသက်သာစေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်လွန်ကဲခြင်းနှင့် ရေရှားပါးသည့်ဒေသများတွင် ပိုလျှံနေသောမိုးရေများအား စုဆောင်းရန်အတွက် တောင်သူများအနေဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်ရန်လိုအပ်လာသည်။

**စာမျက်နှာ ၈ သို့ ■**

■ စာမျက်နှာ ၇ မှအဆက်

မြေဆီလွှာထိန်းသိမ်းရေးဆိုသည်မှာ မြေဆီဩဇာထိန်းသိမ်းရန်အတွက် ဒေသနှင့်ကိုက်ညီသည့် မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြစ်သည်။ မြေဆီလွှာထိန်းသိမ်းခြင်းအားဖြင့် မြေတိုက်စားခြင်းကို ကာကွယ်လျှော့ချနိုင်ခြင်း၊ စီးဆင်းရေနှင့် ယင်းရေ၏အရှိန်ကို ထိန်းချုပ်နိုင်ခြင်း၊ မြေကျပ်ခြင်းအားလျှော့ချနိုင်ပြီး မြေဆီလွှာအာဟာရဓာတ်များ တိုးတက်ကောင်းမွန်လာစေပြီး ပိုလျှံနေသောရေများအား စုဆောင်းနိုင်မည်ဖြစ်သည်။

လက်ရှိစိုက်ပျိုးရေးဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးနည်းလမ်းများမှ (၁) ရုပ်ဝတ္ထုများတည်ဆောက်၍ မြေဆီလွှာထိန်းသိမ်းခြင်း၊ (၂)သက်ရှိအပင်များ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းနှင့် (၃)စိုက်ပျိုးနည်းစနစ်များဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းတို့ဖြစ်သည်။

**ရုပ်ဝတ္ထုများနှင့် ထိန်းသိမ်းခြင်း(Physical Measures)**

ရုပ်ဝတ္ထုများတည်ဆောက်၍ မြေဆီလွှာထိန်းသိမ်းခြင်းဆိုသည်မှာ ကုန်းစောင်းဒေသများတွင် ကျောက်သားမြေသားကန်သင်းများတည်ဆောက်ခြင်း၊ နုန်းတားဆည်များတည်ဆောက်ခြင်း၊ ရေကျော်ကျောက်တန်း၊ ရေထိန်းဆည်များတည်ဆောက်ခြင်း၊ စိုက်ကျင်းများတူး၍စိုက်ပျိုးခြင်း၊ ကွန်တိုအလိုက်စိုက်ပျိုးခြင်း၊ ရေစုကျင်းနှင့်ရေစုကန်များတည်ဆောက်ခြင်းနှင့် သစ်တော/နှစ်ရှည်ပင်များစိုက်ပျိုးရန် စိုက်ကျင်းများတူး၍ မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်သည်။

**ကွန်တိုကန်သင်းတည်ဆောက်ခြင်း**

ကုန်းစောင်းဒေသများတွင် မြေသားထူပါက မြေသားကန်သင်း၊ မြေသားပါးပါက ကျောက်စီကန်သင်း ကွန်တိုအလိုက်ပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်သည်။

**နုန်းတားဆည်/ကန်သင်းတည်ဆောက်ခြင်း**

Catchment Area ဧက ၁၀၀ ထက် မကျော်သောနေရာများတွင် အမာခံကျောက်များဖြင့် ကန်သင်းပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်သည်။

**ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း**

လျှိုလက်တက်များတွင် ရေစီးနှုန်းနှေးသွားစေရန် ရေကျော်ကျောက်တန်းများတည်ဆောက်ခြင်းဖြစ်သည်။

**ရေစုကျင်း၊ ရေစုကန်များ တည်ဆောက်ခြင်း**

အပူပိုင်းဒေသ၊ မိုးရေချိန်လက်မနည်းပါးသောနေရာများတွင် မိုးရေကိုစုဆောင်းနိုင်သော ရေစုကန်များတူးဖော်ပြီး သီးနှံများရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးသွင်းခြင်းဖြစ်သည်။

**သစ်တောပင်/နှစ်ရှည်ပင် စိုက်ကျင်းများပြုလုပ်ခြင်း**

အပူပိုင်းဒေသ လျှောစောက် ၅၀ ရာခိုင်နှုန်းအောက်ကျောက်မရှိသည့်တောင်စောင်းများတွင် ရေစုကျင်းငယ်များတူးဖော်၍ ရေထိန်းခြင်းဖြစ်သည်။

**သက်ရှိများနှင့်ထိန်းသိမ်းခြင်း (Biological Measures)**

သက်ရှိအပင်များစိုက်ပျိုး၍ မြေဆီလွှာထိန်းသိမ်းခြင်းဆိုသည်မှာ ထည့်သွင်းခြင်း (အဏုဇီဝမြေဩဇာ)၊ မြေဆွေးနှင့်သက်ရှိအပင်များစိုက်ပျိုး၍ မြေဆီလွှာထိန်းသိမ်းခြင်းတွင် မြေဖုံးပင်များစိုက်ပျိုးခြင်း၊ မြက်ရိုးတန်းများစိုက်ပျိုးခြင်း၊ လေကာပင်များ၊ စည်ရိုးတန်းပင်များစိုက်ပျိုးခြင်း၊ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းနှင့်သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်းတို့ဖြစ်သည်။

**တောင်စောင်းစိုက်ပျိုးရေးစနစ်**

လျှောစောင်းရာခိုင်နှုန်း > ၁၅-၂၅ ရာခိုင်နှုန်းအထိရှိသည့် တောင်စောင်းမြေများတွင် ကွန်တိုလိုင်းအလိုက် အကန့်လိုက်သီးနှံများစိုက်ပျိုးခြင်းဖြစ်သည်။

**ကွန်တိုလိုင်းအတိုင်း သီးနှံပင်များ၊ မြက်များကို စိုက်ပျိုးခြင်း**

လျှောစောင်း ၃-၅ ရာခိုင်နှုန်းရှိသည့် နေရာများတွင် နှစ်ရှည်ခံမြက်များ၊ နွားစာမြက်များ (နေပီယာမြက်၊ မွန်ဘားစားမြက်)၊ Vetiver grass၊ စပါးလင်နှင့် နာနတ်ကဲ့သို့သီးနှံများ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးရန် ကွန်တိုအလိုက်စိုက်ပျိုးခြင်းဖြစ်သည်။

**မြေဖုံးပင်များစိုက်ပျိုးခြင်း**

မြေဆီလွှာအပေါ်မျက်နှာပြင်အားတိုက်စားခြင်းမှ ကာကွယ်ရန်၊ အစိုဓာတ်ထိန်းထားနိုင်ရန်၊ အာဟာရပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပဲမျိုးရင်းဝင်အပင်များအား မြေဖုံးပင်အဖြစ်စိုက်ပျိုးခြင်းဖြစ်သည်။

**လေကာပင်များစိုက်ပျိုးခြင်း**

လေတိုက်စားခြင်းမှကာကွယ်ရန် စိုက်ခင်းနယ်နိမိတ်တစ်လျှောက်တွင် ဝါး၊ မိုးမခ၊ မြေပြန့်ချယ်ရီ၊ ပဲစင်းငုံ၊ နှံစားပြောင်း၊ ဘောစကိုင်း၊ ထန်း၊ သီဟိုဠ်သရက်၊ ငှက်ပျော၊ နှစ်ရှည်သီးနှံပင် စသည်တို့ကို စိုက်ပျိုးခြင်းဖြစ်သည်။

**စိုက်ပျိုးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures)**

သီးနှံစိုက်ပျိုးနည်းစနစ်များဖြင့်မြေဆီလွှာထိန်းသိမ်းခြင်းဆိုသည်မှာ သီးနှံများကိုရောနှောစိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ခြင်း၊ အကန့်လိုက်စိုက်ခြင်း၊ ပဲမျိုးရင်းဝင်အပင်များထည့်သွင်းစိုက်ပျိုးခြင်း၊ မြေလုပ်ခြင်း၊ ထယ်ရေးမဲ့စိုက်ပျိုးခြင်း၊ သီးနှံပင်အကြွင်းအကျန်များဖြင့် မြေဖုံးအုပ်ခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းတို့ဖြစ်သည်။

**သီးနှံရောနှောစိုက်ပျိုးခြင်း**

သီးနှံများကို အလှည့်ကျစိုက်ပျိုးခြင်း၊ ရောနှောစိုက်ပျိုးခြင်းအားဖြင့် ရောဂါ၊ ပိုးမွှားများ၏ မျိုးဆက်သံသရာစက်ဝန်းကို ဖြတ်တောက်ပေးပြီး မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်စေ၍ မြေဆီဩဇာထက်သန်စေသည်။

**သီးနှံအကြွင်းအကျန်များဖြင့်မြေကိုဖုံးအုပ်ကာကွယ်ခြင်း**

ပင်ကြွင်းပင်ကျန်များဖြစ်သည့် ကောက်ရိုး၊ စပါးခွံ၊ မြေပဲရိုး၊ မြေပဲခွံ၊ နှမ်းရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်ခြောက်များဖြင့် မြေကြီးကိုဖုံးအုပ်ခြင်းဖြစ်သည်။

**ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း**

ရွာသွန်းသောမိုးရေကိုထိန်းထားနိုင်ပြီး ရေနုတ်မြောင်းပါရှိသဖြင့် ရေဝပ်ခြင်းမရှိစေဘဲ ရေထုတ်ရလွယ်ကူစေသည်။ မြေတိုက်စားမှုကို လျှော့ချပေးနိုင်ပြီး ခြောက်သွေ့ရာသီတွင် အစိုဓာတ်ကို ထိန်းထားပေးနိုင်သည်။

**သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း**

စားကျက် သို့မဟုတ် ရာသီသီးနှံများကို နှစ်ရှည်သီးနှံပင်များနှင့် ရောနှော၍ စိုက်ပျိုးသည့် “ဘက်စုံသီးနှံစနစ်” အမျိုးအစားဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုအား လျော့နည်းသက်သာစေသည့် စိုက်ပျိုးခြင်းနည်းစနစ်ဖြစ်သည်။

**မြေလှပ်ထားခြင်း၊ နွေထယ်ရေးခံခြင်း**

လှပ်ထားခြင်း၊ နွေထယ်ရေးခံခြင်းအားဖြင့် မိုးရေကိုထိန်းသိမ်းပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ပေးခြင်း၊ မြေဆီလွှာဖွဲ့စည်းမှုကို ကောင်းမွန်စေပြီး လေဝင်လေထွက်ကောင်းမွန်ခြင်း၊ မြေတွင်းအစိုဓာတ်နှင့် အာဟာရဓာတ်ဆုံးရှုံးမှုကို ထိန်းထားပေးနိုင်သည်။

ထို့ပြင် မိုးခေါင်ရေရှားသည့်အပူပိုင်းဒေသများတွင် မိုးရွာသွန်းပြီးနောက် မြေမျက်နှာပြင်ပေါ်တွင် စီးဆင်းလာသည့်ရေများကို စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုရန်ရည်ရွယ်၍ စုဆောင်းခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်လာသည်။ ပိုလျှံနေသော မိုးရေနှင့် အရှိန်ဖြင့်စီးဆင်းလာသည့်ရေစီးအား ဖမ်းယူသိုလှောင်ခြင်းသည် မြေတိုက်စားခြင်းကို သက်သာစေရုံသာမက စိမ့်ဆင်းရေကို များစေသည်။ ထို့ကြောင့် မိုးရေကိုအသုံးချသည့် အစီအစဉ်များတွင် ရေနှင့်မြေဆီလွှာထိန်းသိမ်းခြင်းအား တစ်ပါတည်းဆောင်ရွက်ရန်လိုအပ်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ၏ မြေတိုက်စားခြင်းကိုကာကွယ်လိုသည့် စိတ်အားထက်သန်မှုနှင့်လက်ခံမှု၊ အနီးဝန်းကျင်ရှိတောင်သူများ၏ ပူးပေါင်းဆောင်ရွက်လိုမှု၊ ငွေကြေးအထောက်အပံ့နှင့် အဆိုပါလုပ်ငန်းများကို ရေရှည်ထိန်းသိမ်းလိုသော ဆန္ဒသဘောထားများသည် မြေဆီလွှာထိန်းသိမ်းရေးတွင် အလွန်အရေးကြီးသည့်အတွက် မြေဆီလွှာအား တန်ဖိုးထားထိန်းသိမ်းပေးကြရန်လိုအပ်လာသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမြေများ ဆုံးရှုံးမှုမှကာကွယ်ရန်အတွက် မိမိတို့ဒေသနှင့်ကိုက်ညီသည့် မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးစနစ်များကို လုပ်ကိုင်ကြရန်လိုအပ်လာသည်။ သို့မှသာ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာပြီး စားနပ်ရိက္ခာဖူလုံသည့်အပြင် ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် တောင်သူစီးပွားတိုးတက်ရေး၊ စိုက်ပျိုးသီးနှံများပိုမိုထုတ်လုပ်နိုင်ရေးအတွက် သဘာဝအရင်းအမြစ် မြေကြီးမှရှေ့သီးစေဖို့ မြေဆီလွှာကို ဝိုင်းဝန်းထိန်းသိမ်းပေးကြဖို့ လိုအပ်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါတယ်ရှင်။ ။



ရေစုကျင်း၊ ရေစုကန်များတည်ဆောက်ခြင်း



ရေစုကျင်း၊ ရေစုကန်များတည်ဆောက်ခြင်း



ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း



ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း

# လျှင်ဘေး၊ ရေဘေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ငလျင်ဘေး၊ ရေဘေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကို ဇွန်လ ၁၅ ရက်တွင် ပြည်စံအောင်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိကြောင်း၊ နေ့ညအချိန်မရွေးလှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အတွက် ငလျင်၏သဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့်အချက်များ၊ ငလျင်လှုပ်နေစဉ်ဆောင်ရွက်ရန်အချက်များကို သရုပ်ပြခြင်း၊ ငလျင်လှုပ်ပြီးနောက်ဆောင်ရွက်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများ၊ ပြည်စံအောင်အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်းသိရသည်။ (၄၁၃)

## MWD Education, Knowledge & Sports Channel

၁၇-၆-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade – 4 | အင်္ဂလိပ်စာ၊ သင်္ချာ |
| ၃။ | ၁၆:၁၅ - ၁၇:၁၅ | Grade – 4 | လူမှုရေး၊ သိပ္ပံ |
| ၄။ | ၁၇:၁၅ - ၁၈:၃၂ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၃၂ - ၂၁:၄၁ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# မြိတ်မြို့ မစိုးရိမ်စာသင်တိုက်၌ ဂုဏာဝိသိဋ္ဌပူဇာပွဲကျင်းပ

မြိတ် ဇွန် ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်မစိုးရိမ်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတေဇောဘာသ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်ပွဲအခမ်းအနားကို ဇွန်လ ၁၅ ရက်နံနက်ပိုင်းတွင် မစိုးရိမ်စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တနင်္သာရီတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ မော်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနာရဒ အဂ္ဂမဟာပဏ္ဍိတက ဩဝါဒကထာများမြွက်ကြားသည်။

ထို့နောက် ကြွရောက်လာကြသည့် ဆရာတော်ကြီးများနှင့် ပူဇော်ခံဆရာတော်အား ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းကြပြီး နေ့ဆွမ်းများဆက်ကပ်ကာ ဧည့်ပရိသတ်များအား ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

(၄၁၂)

# ၃၈ ဖြာမင်္ဂလာ တရားတော်နှင့်ဗုဒ္ဓဝင် စာမေးပွဲဆုပေးအပ်ပွဲ ကျင်းပ

မုဒုံ ဇွန် ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ် ကန်ကြီးဓမ္မရာဇိန်ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၁၅ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ဓမ္မရာဇိန်ကျောင်း ဦးစီးပဓာနနာယက ဆရာတော်ကြီးထံမှ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်/မြို့နယ် YMBA အသင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်ဩဝါဒါစရိယဆရာတော်ကြီးများအား တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဗဟိုအဆင့်၊ ပြည်နယ်၊ မြို့နယ်တို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၈၂ ဦးအား ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဆုများကိုပေးအပ်သည်။

ထို့နောက် ဓမ္မရာဇိန်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝရဏထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

(၄၀၆)



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

မင်းဘူး ဇွန် ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် စကုမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများ၌ မိုးတွင်းကာလတွင်ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဇွန်လ ၁၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စကုမြို့ အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦး ဦးဆောင်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ စကုမြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့များက စကုမြို့ပေါ် ရပ်ကွက်များအတွင်း မိုးတွင်းကာလ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တောင်ရပ်ကျောင်းတို့၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်ပြီး အေးချမ်းစွာပညာသင်ကြားနိုင်ရန် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ စကုမြို့ပေါ် ရပ်ကွက်ရှိ လူနေအိမ်များနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ခြင်ခိုအောင်းနိုင်သောနေရာများကို သန့်ရှင်းရေးပြုလုပ်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေလှောင်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း စသည့် အသိပညာပေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# စီမံကိန်းမိုးကြိုသီးနှံမျိုးစုံ ၅၆၂၆ ဧက စိုက်ပျိုး

ကျောက်ဆည် ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်တွင် ဒေသတွင်းစီမံကိန်းသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်ရေး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုရာသီ၌ တိုက်နယ် ၁၂ မှ ကျေးရွာအုပ်စုအချို့တွင် စီမံကိန်းမိုးကြိုသီးနှံမျိုးစုံ ၅၆၂၆ ဧက စိုက်ပျိုးနိုင်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

တိုက်နယ် ၁၂ တွင် ကျေးရွာအုပ်စုအချို့ပါဝင်ပြီး နှမ်းစပါးစီမံကိန်းသီးနှံများကို ဆူလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်ကျေးရွာအုပ်စုတို့၌ ၁၈၆ ဧကကိုလည်းကောင်း၊ နှမ်းနီမှမ်း စီမံကိန်းသီးနှံများကို ဆူလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်ကျေးရွာအုပ်စုတို့၌ ဧက ၅၃၁၀ ကိုလည်းကောင်း၊ ပဲတီစိမ်း စီမံကိန်းသီးနှံများကို ဆူလေကုန်းကျေးရွာအုပ်စု၌ ဧက ၃၀ ကိုလည်းကောင်း၊ ချည်မျှင်ရှည်ဝါစီမံကိန်းသီးနှံများကို ပေါင်လောင်ကျေးရွာအုပ်စု၌ ဧက ၁၀၀ ကိုလည်းကောင်း စုစုပေါင်း ၅၆၂၆ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

စီမံကိန်းသီးနှံများ လျာထားချက်ပြည့်မီရေးနှင့် အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဂုဏ်ပြုပါကြောင်း သူရဲကောင်း

❖ သမိုင်းတွင်ကျန်၊ ပြည်ကောင်းရန်တွက်
နိုင်ငံလူမျိုး၊ ဂုဏ်ရောင်တိုးအောင်
ကိုယ်ကျိုးမပါ၊ စွန့်လွှတ်စွာနှင့်
ချိန်ခါမရွေး၊ စဉ်မနေးဘဲ
လေးနက်ခိုင်မြဲ၊ သတ္တိဇွဲနှင့်
တပ်ထဲမှာပျော်၊ ဇာနည်မော်မို့
ညွှန်းဖော်စာစု၊ လင်္ကာတုလို့
ပြည်သူ့အတွက်ပေ တာဝန်ကျေ။

❖ စစ်မှုကိုထမ်း၊ ရွေးသည့်လမ်းက
နေနွမ်းမကြွေ၊ ပင်မြင့်ဝေ၍
မိုးမြေအဆုံး၊ မွှေးပျံ့ထုံးသည့်
နန်းသုံးပန်းပွင့်၊ ဂုဏ်ရှိန်တင့်သို့
ရဲရင့်ယောကျ်ား၊ ဇာနည်ဘွားဟု
တို့များတစ်တွေ ဂုဏ်ယူပေ။
ပင်ဝေမြင့်လည်း နွမ်းမကြွေ။

❖ တို့မြေစည်းရိုး၊ မပေါက်ကျိုးအောင်
တို့ဘိုးဘွားမြေ၊ တည်တံ့စေအောင်
တို့ရေလေထု၊ ကာကွယ်ပြုအောင်
ကောင်းမှုစိတ်ထား၊ ဂုဏ်ဝင့်ကြွားကာ
မြင့်မားစိတ်တည်၊ ဘာမထီမို့
မြန်ပြည်သားကောင်း၊ ဆိုလိုကြောင်းပေ
ကျောက်ကောင်းသဏ္ဌာန်၊ ဇာတိမာန်နှင့်
နိုင်ငံခွန်အား၊ ပြည်ချစ်သားမို့
လေးစားပါပေ ဇာနည်တွေ။
တို့မြေအတွက် မြင့်မြတ်လေ။
သူရဲကောင်းလို့ မည်ထိုက်ပေ။ ။

**မနောဖြူ**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် မေတ္တာပို့ ကိုယ်လက်လှုပ်ရှားအားကစား | ၉။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၂။ | ၀၈:၀၀ | ၁၂ လရာသီမှတ်တမ်း | ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၃။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၁။ | ၁၈:၄၀ | မွေးမြူသုတ |
| ၄။ | ၁၁:၀၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၂။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း မျက်ဝန်းထဲမှာ မိုးရွာပြီညို (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-စိုးသူ၊ ရဲအောင်၊ မေသန်းနု ဒါရိုက်တာ စင်ရော်မောင်မောင်** |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | | | |
| ၆။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ | | | |
| ၇။ | ၁၄:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး | | | |
| ၈။ | ၁၅:၀၀ | အဟောင်းထဲမှ အကောင်းဆုံးသီချင်းများ | | | |

# ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



ဘိုကလေး ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇွန်လ ၁၅ ရက်က လူငယ်စကားဝိုင်းကျင်းပသည်။

အဆိုပါစကားဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်၊ စာရေးဆရာမ အလင်းနတ်သမီးတို့က လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အတွေးအခေါ်၊ လူငယ်နှင့်အောင်မြင်မှု စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများက မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာပေများကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# ညောင်ဦးမြို့နယ်အတွင်း ကျေးလက်မြစ်ရေတင် ရေစက်ရုံများ Solar စနစ်ဖြင့် မောင်းနှင်နိုင်ရေး ကွင်းဆင်းစစ်ဆေး



ညောင်ဦး ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ကျေးရွာများသို့ ရေဖြန့်ဝေပေးနေသည့် ကျေးလက်မြစ်ရေတင် ရေစက်ရုံများ Solar စနစ်ဖြင့် မောင်းနှင်နိုင်ရေး ဇွန်လ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်သည် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးနှင့် ဝန်ထမ်းများလိုက်ပါ၍ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးမြစ်ရေတင်လုပ်ငန်းခွင်သို့သွားရောက်ပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန် တောင်ဇင်းရေပိုက်လိုင်းနှင့် စက်စက်ယိုရေပိုက်လိုင်းတို့သို့ ရေတင်ဖြန့်ဝေနေမှုအခြေအနေများ၊ Prepaid ရေမီတာစနစ်ဖြင့် ရေဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေပေးဝေရေးလုပ်ငန်းများ အခက်အခဲမဖြစ်ပေါ်စေရေး Solar စနစ်ဖြင့် ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်အောင်ဆောင်ရွက်သွားရန်၊ မြစ်ရေတင်လုပ်ငန်းခွင်ရှိ စက်ယန္တရားများနှင့် ရေတင်ပန့်များ ကြံ့ခိုင်ကောင်းမွန်ရေး စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများပူးပေါင်းအဖွဲ့သည် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ငှက်ပစ်တောင်ရေစက်ရုံ၊ နဘူးတောရေစက်ရုံ၊ ရှင်မိန်ရေစက်ရုံနှင့် နပ္ပလင်ရေစက်ရုံတို့သို့ သွားရောက်ပြီး ရေလှောင်ကန်နှင့် ရေစစ်ကန်များ၌ ရေသိုလှောင်ထားမှုနှင့် ရေဖြန့်ဝေပေးနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ရေလေလွင့်ဆုံးရှုံးမှုများမရှိစေရေး စနစ်တကျရေဖြန့်ဝေပေးရန်ကိစ္စရပ်များ၊ ရေဖြန့်ဝေပေးရာတွင် လျှပ်စစ်သုံးစွဲမှုအစား Solar စနစ်တပ်ဆင်အသုံးပြု၍ ရေဖြန့်ဝေပေးနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သုံးခွမြို့နယ် မှုကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇွန်လ ၁၆ ရက်တွင် မှုကုန်းသာကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းက ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မှုကုန်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၂၀၀ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၄၅၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၁/၂၀၂၅) သရုပ်ဆောင်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(၁/၂၀၂၅) သရုပ်ဆောင်သင်တန်းဖွင့်ပွဲကို ဇွန်လ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ သင်တန်းဆရာများ၊ ဒါရိုက်တာများ၊ အနုပညာရှင်များ၊ ထုတ်လုပ်သူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆရာဦးဟိန်းစိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"ဒီသင်တန်းကိုလာတက်ကြတဲ့ သားတို့၊ သမီးတို့အနေနဲ့ သရုပ်ဆောင်ပညာတွေ သေချာလေ့လာသင်ယူပြီး မြန်မာ့ရုပ်ရှင်လောကကို စောင့်ရှောက်နိုင်ကြပါစေ။ သားတို့၊ သမီးတို့ကို သင်ကြားပေးမယ့်ဆရာတွေကလည်း အတွေ့အကြုံရင့်သူတွေဖြစ်တဲ့အတွက် ကြိုးစားကြပါ" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းကပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(၁/၂၀၂၅) သရုပ်ဆောင်သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ ကျော် တက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရာဇမဏိစူဠာကောင်းမှုတော် စေတီရှိ သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီတို့တွင် ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများအား ဘက်စုံပြန်လည်ပြုပြင်ရေးအခြေအနေများ၊ သကျသီဟသီလရှင်စာသင်တိုက်နှင့် ရွှေစေတီပရိယတ္တိစာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများအသုံးပြု၍အရှိန်အဟုန်မြှင့်ဖယ်ရှားရှင်းလင်းနေမှုများ၊ အဆောက်အအုံအပြိုအပျက်ကြားမှဆယ်တင်ရရှိသည့်ရိက္ခာဆန်များကိုအမိုးအကာအောက် ရောက်ရှိအောင် ရွှေ့ပြောင်းနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများအား လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများနှင့် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေပြည့်ပြည့်ဝဝဖြန့်ဝေနိုင်ရေးတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် မန္တလေးမြို့၊ နန်းမြို့အတွင်းရှိနန်းမြို့ဆုတောင်းပြည့်ဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော်တွင် ရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကိုလည်းကောင်း၊ ဂန္ဓကုဋိတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ရှေးမူမပျက်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ဓာတ်လှေကားနှင့်စက်လှေကားများအား အမြန်ဆုံးပြန်လည်ပြုပြင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ မြွေကြီးနှစ်ကောင်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြေသားထိန်းနံရံအားပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ တောင်ဘက်စောင်းတန်းရှိ ရှင်အရဟံသိမ်ဘုရား၊ စန္ဒာမုခိဆုတောင်းပြည့်ဘုရားများအား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှုအခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် Sky Villa နေရာရှိ ရှင်းလင်းရန်ကျန် (A) ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်း နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှင်းလင်းရန်ကျန် (A) ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှု အခြေအနေများအားလည်းကောင်း၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ထုတ်ပေးရေးအဖွဲ့ ယာယီရုံးတွင် ရှာဖွေတွေ့ရှိသောပစ္စည်းများအား စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျလွှဲပြောင်းပေးနိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် Sky Villa တွင် ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ ယနေ့အထိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသောငွေစက္ကူကျပ် ၉၁၆၇၄၄၇၀၀ (ကျပ်ပေါင်းကိုးထောင်တစ်ရာခြောက်ဆယ်ခုနစ်သိန်းလေးသောင်း လေးထောင်ခုနစ်ရာ)၊ ရွှေသားအလေးချိန် ၄ ပိဿာ ၁ ကျပ်သား၊ ရွှေထည်ပစ္စည်းနှင့် အခြားလက်ဝတ်ရတနာများအား ပိုင်ရှင်များထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်းတိုက်၊ အောင်မြေကျောင်း၊ ပိဋကတ်တိုက်နှင့်အသောကာရာမကျောင်းတိုက်အတွင်းရှိ ကျီးသဲရွှေတောင်ကျောင်းနှင့် ကြာငါးခိုင်ရတနာကျောင်းများတွင် တပ်မတော်သားစစ်သည်များမှ အပျက်အစီးများအား အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ ‘‘ပြည်သူ့ကြားကပြည်သူ့စကား’’အစီအစဉ်မှ **“အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းများကို အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၈-၆-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခွင့်အား ဖိအားများနဲ့ ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား/ ကျောင်းသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကျောင်းသား၊ ကျောင်းသူတွေကို ကန့်တွေသွင်းပြီး စားသောက်ရေးနေထိုင်ရေးကအစ အစစအရာရာတာဝန်ယူပြီး သင်ခန်းစာတွေကို ပြန်လည်ပို့ချပြီးတော့မှ ဒီစာမေးပွဲကိုပြန်လည်ဖြေစေတာဖြစ်ပါတယ်

**ဒေါက်တာကျော်လွင် (နေပြည်တော်ပညာရေးမှူး)**

နေပြည်တော် ဇွန် ၁၆

မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို နံနက်ပိုင်းမှစတင်၍ ကျင်းပသည်။



ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်

ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်**

ဇမ္ဗူသီရိမြို့နယ်မှာ ဆေးရုံစင်တာအပါအဝင် စာစစ်ဌာန ခြောက်ခုဖွင့်လှစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမဖြေဆိုခင်မှာ စာဖြေသူအမည်စာရင်း၊ စည်းကမ်းချက်၊ အခန်းလိုက်စာဖြေခန်းတွေမှာ တာဝန်ချထားမှုဇယားနဲ့ အချိန်ဇယားတွေကို စီစဉ်ရပါတယ်။ ဒီစာစစ်ဌာနမှာ အထက(၅)၊ အထက(၆)၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းနဲ့ အလွတ်ဖြေတို့ ဖြေဆိုကြမှာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၅၄ ဦးဖြေဆိုမှာဖြစ်ပါတယ်။ တစ်ခန်းကို ကျောင်းသား၊ ကျောင်းသူ ၃၀ နှုန်းဖြေဆိုမှာဖြစ်ပြီး စာဖြေခန်း စုစုပေါင်း ၁၃ ခန်းဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်ဖို့ အခန်းနဲ့ အရန်အခန်းတွေလည်း ထားရှိပါတယ်။ အခုဖြေဆိုမယ့်ဦးရေနဲ့ မတ်လမှာ ဖြေဆိုခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူဦးရေ အပြောင်းအလဲရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မဖြေဆိုနိုင်တာဖြစ်ပါတယ်။ အဲဒီကျောင်းသား၊ ကျောင်းသူတွေကို အခြေခံပညာအထက်တန်းအောင်မြင်ပြီးစီးကြောင်း လက်မှတ်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဒီစာစစ်ဌာနကနေ တခြားစာစစ်ဌာနကို ရွှေ့ပြောင်းဖြေဆိုတဲ့ ကျောင်းသားတစ်ဦးရှိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံး သာတူညီမျှဖြစ်စေဖို့နဲ့ စစ်မှန်ပြီးအရည်အချင်းရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အခွင့်အရေးကို မဆုံးရှုံးစေချင်လို့ အခုစာမေးပွဲကြီးကို ပြန်လည်ကျင်းပပေးတာဖြစ်ပါတယ်။

**အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး**

ဒီစာစစ်ဌာနမှာ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၃၃၉ ဦးရှိပါတယ်။ အခုလိုစာမေးပွဲ ပြန်လည်ဖြေဆိုတာကတော့ သဘာဝဘေး



ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး

အန္တရာယ်ကြောင့် အဖြေလွှာတွေ ပျက်စီးဆုံးရှုံးသွားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာတော့ အထက(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)နဲ့ အလွတ်ဖြေတို့ လာရောက်ဖြေဆိုကြတာဖြစ်ပါတယ်။ စာဖြေခန်း ၁၂ ခန်း၊ အရန်တစ်ခန်းနဲ့ စုစုပေါင်း ၁၃ ခန်းရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ဆေးခန်းတစ်ခန်းလည်း ထားရှိပါတယ်၊ စာဖြေခန်းတစ်ခန်းမှာ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀ ဖြေဆိုမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကတ်တွေကိုလည်း ဇွန်လ ၁ ရက်က စတင်ထုတ်ပေးခဲ့ပါတယ်။ ဖြေဆိုချိန်ကတော့ နံနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီနေ့ တက္ကသိုလ်ဝင်စာမေးပွဲလာရောက်ဖြေဆိုကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ နောက်ထပ်ဖြေဆိုမယ့် ဘာသာရပ်တွေကိုလည်း လာရောက်ဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချို**

ကျောင်းသား၊ ကျောင်းသူတွေအားလုံး အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေကြပါပြီ။ စာမေးပွဲဖြေဆိုရာမှာလိုအပ်တဲ့ ကျောင်းသုံးစာရေးကိရိယာတွေကိုလည်း သက်ဆိုင်ရာစာစစ်ဌာနတွေမှာ အဆင်သင့် ဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး စာစစ်ဌာနတွေမှာလည်း လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနဲ့ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ဖို့ကိုလည်း လိုက်လံစစ်ဆေးဆောင်ရွက်ပေးထားပါတယ်။ အခုစာမေးပွဲ ပြန်ဖြေရတာကတော့ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဒုတိယအခွင့်အရေးပဲဖြစ်ပါတယ်။ ကံကောင်းခြင်းတွေ လာတော့မှာဖြစ်တဲ့အတွက် ကြိုးစားဖြေဆိုကြဖို့ တိုက်တွန်းလိုပါတယ်။

**ကျောင်းသားမိဘတစ်ဦး**

အဖြေလွှာတွေ မီးလောင်ပြီဆိုကတည်းက စာမေးပွဲပြန်လည်ဖြေဆိုရနိုင်တယ်ဆိုတာ တွေးမိထားပါတယ်။ ဒါကြောင့် လိုအပ်တဲ့ စာအုပ်တွေ ပြန်လည်ရှာဖွေပြီး သားကို စာတွေသေချာပြန်လုပ်ခိုင်းထား



ဒေါက်တာကျော်လွင်
(နေပြည်တော်ပညာရေးမှူး)

ခဲ့ပါတယ်။ ကလေးကလည်း ခြောက်ဘာသာဂုဏ်ထူးမှန်းထားခဲ့ပါတယ်။ အရင်စာမေးပွဲမှာက အင်္ဂလိပ်စာဂုဏ်ထူးမှတ် မရနိုင်ဘူးလို့ ပြောပါတယ်။ အခုလို ပြန်ဖြေရမယ်ဆိုတော့ သားက တော်တော်ကို ပျော်နေပါတယ်။ နောက်ပြီး ဒီတစ်ခေါက် ပြန်ဖြေရတာ ဒုတိယအကြိမ်အခွင့်အရေးဖြစ်တဲ့အတွက် သေချာကြိုးစားဖို့လည်း မှာထားပါတယ်။

**အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူတစ်ဦး**

စာမေးပွဲကို ဒုတိယ အကြိမ်ဝင်ရောက်ဖြေဆိုရတယ်ဆိုပေမယ့် အကောင်းဆုံးဖြေဆိုနိုင်အောင် ကြိုးစားထားပါတယ်။ ပထမအကြိမ်ကထက် စာတွေပိုလုပ်



ထားပြီး ဂုဏ်ထူးတွေထွက်အောင်လည်း ရည်မှန်းထားပါတယ်။ အိမ်က အဖေနဲ့ အမေကလည်း အများကြီး သမီးကို ပံ့ပိုးပေးပါတယ်။ ဆရာ၊ ဆရာမတွေကလည်း သမီးတို့ကို စာမေးပွဲအကောင်းဆုံးဖြေဆိုနိုင်ဖို့အတွက် လိုအပ်တာတွေကို သင်ကြားပေးပါတယ်။ သမီးရဲ့သူငယ်ချင်းတွေ အားလုံးလည်း စာမေးပွဲပြန်လည်ဖြေဆိုကြပါတယ်။ အခုလို ဒုတိယအကြိမ် စာမေးပွဲဖြေဆိုရတဲ့အပေါ်မှာ တချို့ကျောင်းသား၊ ကျောင်းသူတွေက စိတ်ဓာတ်ကျတာတွေ ရှိကြပါတယ်။ ဒီလိုစိတ်ဓာတ်ကျတာတွေမဖြစ်ဘဲနဲ့ အကောင်းဆုံးကြိုးစားဖြေကြပါ။ မိဘတွေအနေနဲ့လည်း သမီးတို့ကို တစ်နှစ်ပတ်လုံး ပံ့ပိုးပေးထားတာဖြစ်တဲ့အတွက် ပင်ပန်းကြပါတယ်။ ဒါကြောင့် သမီးတို့အနေနဲ့ စာမေးပွဲအကောင်းဆုံးဖြေဆိုနိုင်ဖို့ တတ်နိုင်သမျှကြိုးစားသွားမှာပါ။

**ဒေါက်တာကျော်လွင် (နေပြည်တော်ပညာရေးမှူး)**

ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ ပြီးခဲ့တဲ့မတ်လမှာကျင်းပခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ ၁၂၈၂၆ ဦး စာရင်းရှိဖြေဆိုခဲ့တာဖြစ်ပါတယ်၊ အဲဒီလိုဖြေဆိုတဲ့နေရာမှာ ခြောက်ဘာသာနောက်ဆုံးအထိ ၁၂၅၃၁ ဦး၊ အခုဇွန်လစာရင်းရှိအနေဖြင့် ၁၂၅၃၁ ဦးမှာ ၇၉ ဦးပဲ ကတ်မထုတ်ဘဲဖြေဆိုဖို့ ပျက်ကွက်တာဖြစ်ပါတယ်။ ၁၂၄၅၂ ဦး ကတ်ထုတ်စာရင်းရှိ ရှိပါတယ်။ ဒီနေ့တကယ်ဖြေတဲ့နေ့မှာတော့ အခု ကျွန်တော်တို့လှည့်လည်စစ်ဆေးရောက်ရှိခဲ့တဲ့အနေအထားမှာ ငါးယောက်ပျက်တဲ့စင်တာရှိတယ်၊ ကိုးယောက်ပျက်တဲ့စင်တာရှိတယ်။ နေပြည်တော် ရှစ်မြို့နယ် စာစစ်ဌာန ၄၇ ခုလုံးက စာရင်းချုပ်တော့ မချုပ်နိုင်သေးဘူး။ စာရင်းအတိအကျ မရသေးဘူးပေါ့နော်။ နေပြည်တော်မှာ ဒီနေ့ကတ်ထုတ်တဲ့ရာခိုင်နှုန်းကိုပြောရမယ် ဆိုရင် ၉၉ ဒသမ ၃၇ ရာခိုင်နှုန်းကတ်ထုတ်ပါတယ်။ ရာနှုန်းပြည့်နီးပါး စာမေးပွဲဖြေဆိုကြလို့ အောင်မြင်တဲ့စာမေးပွဲဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ယခုဖြေဆိုကြတဲ့ တက္ကသိုလ်ဝင်စာမေးပွဲဟာ ကျောင်းသား၊ ကျောင်းသူတွေအတွက်ဒုတိယအခွင့်အရေးဖြစ်ပါတယ်။ ယခင်က ဂုဏ်ထူးနည်းနည်းထွက်မည့်ကျောင်းသားများဟာ ဂုဏ်ထူးများများထွက်အောင်ကြိုးစားနိုင်တယ်၊ ယခင်စာမေးပွဲမှာတုန်းက မအောင်မြင်လောက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေက အောင်မြင်အောင်ကြိုးစားနိုင်တယ်၊ အမှတ်နည်းနည်းရတဲ့သူတွေက အမှတ်များများရအောင် ကြိုးစားနိုင်တဲ့ စာမေးပွဲဖြစ်တဲ့အတွက်ကြောင့် ကျောင်းသား၊ ကျောင်းသူတွေအတွက်ရော၊ သူတို့ရဲ့မိဘတွေအတွက်ရော အခွင့်အလမ်းပိုပြီးတော့ရတယ်လို့ပဲ ကျွန်တော့်အနေနဲ့ပြောလိုပါတယ်၊ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း အဲဒီလိုပဲခံယူပြီး ကြိုးစားနေတယ်လို့မြင်မိပါတယ်။ နိုင်ငံတော်ကလည်း နိုင်ငံတော်အကြီးအကဲအစီအစဉ်နဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့အစီအစဉ်နဲ့ ကျွန်တော်တို့ နေပြည်တော်ကောင်စီရဲ့အစီအစဉ်နဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ကန့်တွေသွင်းပြီး စားသောက်ရေးနေထိုင်ရေးကအစ အစစအရာရာတာဝန်ယူပြီး သင်ခန်းစာတွေကို ပြန်လည်ပို့ချပြီးတော့မှ ဒီစာမေးပွဲကို ပြန်လည်ဖြေစေတာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူတွေလည်း ရွှင်လန်းတက်ကြွစွာနဲ့လာရောက်ပြီးဖြေဆိုကြတာကို ကျွန်တော်တို့တွေ့ရပါတယ်။ နောက်နေ့ဘာသာတွေကိုလည်းဆက်လက်ဖြေဆိုကြဖို့ပဲ ကျွန်တော့်အနေနဲ့တိုက်တွန်းလိုပါတယ်။

**ဦးမောင်တူး (ရွာတော်ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထက(၃)ကျောင်းကော်မတီဝင်)**

ပြီးခဲ့တဲ့မတ်လမှာကျင်းပခဲ့တဲ့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပခဲ့တဲ့ဖြေလွှာတွေက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရတဲ့အခြေအနေကို ပြန်လည်ဖြေဆိုနိုင်အောင် နိုင်ငံတော်အကြီးအကဲနဲ့ ပညာရေးဝန်ကြီးဌာနက ညွှန်ကြားချက်တွေကို အောက်ခြေမှ ကျွန်တော်တို့အုပ်ချုပ်ရေးအဖွဲ့တွေက ကျောင်းသား၊ ကျောင်းသူများ အောင်မြင်စွာ အေးအေးချမ်းချမ်းနဲ့စာမေးပွဲ ဖြေဆိုနိုင်အောင် မေလ ၆ ရက်နေ့ကစတင်ပြီး ကန့်တွေ သွင်းခဲ့ပါတယ်။ ကန့်စတင်ချိန်မှာ ကျောင်းသား၊ ကျောင်းသူ ၁၉၆ ယောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆရာ၊ ဆရာမကြီးတွေနဲ့ပူးပေါင်းပြီး ယနေ့အထိ ကျောင်းသား၊ ကျောင်းသူများ နေထိုင်စားသောက်ရေးအဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့ရပါတယ်။ ယနေ့နံနက် စာမေးပွဲ ဒုတိယအကြိမ် ဖြေဆိုကြရာမှာလည်း ကျွန်တော်တို့ကျေးရွာမှ အုပ်ချုပ်ရေးအဖွဲ့များအနေနဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေးတာဝန်ကျ ဆရာ၊ ဆရာမများနဲ့ ပူးပေါင်း ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့လည်း လန်းဆန်းတက်ကြွစွာနဲ့ လာရောက်ဖြေဆိုနေတာကို တွေ့ရပါတယ်။

ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့ ဇွန်လ ၁၆ ရက်မှ ၂၁ ရက်အထိ တစ်နေ့တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း-လင်းကြည်လင်း**
**မင်းထက်အောင်**
**ကျော်စွာသန့်**

# လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၂) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု စုစုပေါင်း (၆၇၈၀) ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ အဆိုပါထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ် Acc များသို့လည်းကောင်း၊ ဖုန်းနံပါတ်များသို့ဆက်သွယ်၍လည်းကောင်း၊ MMQR အား Scan ဖတ်၍လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တည်နေရာ | စာရင်းအမည် | စာရင်းအမှတ် |
|---|---|---|---|
| ၁ | ရောဝတီဘဏ်၊ နေပြည်တော် | EARTHQUAKE-DAMAGED ANCIENT MONUMENTS RESTORATION FUND | 40037797858 |
| ၂ | A Bank၊ နေပြည်တော် | ။ | 0010011000015078 |
| ၃ | UAB bank၊ နေပြည်တော် | ။ | 0011060100009592 |
| ၄ | ကမ္ဘောဇဘဏ်၊ ရန်ကုန် | ။ | 25651325600598001 |
| ၅ | CB ဘဏ်၊ မန္တလေး | ။ | 0202100900023493 |

**ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ**

နေပြည်တော် - နေပြည်တော်သာသနာရေးမှူးရုံး
၀၆၇ ၃၅၅၀၁၈၃၊ ၀၉ ၄၂၀၇၀၁၄၆၉
- ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၁၄၇၆၀

ရန်ကုန်တိုင်း - ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊
ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး
၀၉ ၂၀၃၈၅၆၃
- ဒေါက်တာဝတ်ရည်ဝင်းသန့်၊
ဒုတိယညွှန်ကြားရေးမှူး
၀၉ ၅၁၉၄၀၈၂

မန္တလေးတိုင်း - မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊
ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး
၀၉ ၄၂၁၂၂၂၅၁
- ဒေါ်မျိုးမျိုးပပကျော်၊
လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၀၀၇၉၀

စစ်ကိုင်းတိုင်း - ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၀၂၆၁၀၁၃၄၊ ၀၉ ၆၆၄၆၉၀၆၇၅
- စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး
ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၂၆၄၉၀၊ ၀၉ ၇၈၈၉၁၁၂၁၁

ပဲခူးတိုင်း - ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး
၀၉ ၂၅၉၂၀၉၄၄၈
- ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၄၃၀၁၉၁၆၈

ရှမ်းပြည်နယ် - ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊
ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊
၀၉ ၄၂၀၇၃၀၈၃၉
- ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊
၀၉ ၄၃၀၄၁၃၀၇





# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြေညာ

ရန်ကုန် ဇွန် ၁၆

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁၈ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဇူလိုင်လ ၁၉ ရက်အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကိုပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

# မန္တလေးငလျင်ကြောင့် ထိခိုက်ခဲ့မှုများအား ပြန်လည်ထူထောင်ရေးအတွက် UNDP မှ အထောက်အကူပေးမည့်လုပ်ငန်းများဆွေးနွေး



နေပြည်တော် ဇွန် ၁၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme -UNDP)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Titon Mitra အား ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မန္တလေးငလျင်ကြောင့် ထိခိုက်ခဲ့မှုများအား ပြန်လည်ထူထောင်ရေးအတွက် UNDP မှ အထောက်အကူပေးမည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNDP ရုံးမှကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# သင်တန်းကာလအတွင်း မိမိတို့၏ သင်ကြားသင်ယူမှုဆိုင်ရာ အတွေ့အကြုံများကို မျှဝေဖလှယ်သွားရန် မှာကြား



နေပြည်တော် ဇွန် ၁၆

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ သင်ကြား၊ စီမံဌာနများမှဆရာ၊ ဆရာမများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ယခုသင်တန်းတွင် နိုင်ငံတော်၏ မူဝါဒ၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး တစ်ချိန်တည်းတွင် ကျောင်းသားများနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ဆရာ့သိက္ခာနှင့်ကျင့်ဝတ်များကို သဘောပေါက်တန်ဖိုးထားတတ်စေရေး၊ နိုင်ငံ့ဝန်ထမ်းများ သိထားသင့်သည့်ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ပြီး စိတ်ဓာတ်ခံယူချက်များ ပိုမိုကောင်းမွန်လာရေး သင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း၊ ရရှိသည့်အချိန်အတွင်းထိရောက်အကျိုးရှိအောင် သင်ယူလေ့လာသွားရန်နှင့်သင်တန်းကာလအတွင်း မိမိတို့၏ သင်ကြားသင်ယူမှုဆိုင်ရာ အတွေ့အကြုံများကို မျှဝေဖလှယ်သွားရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၉)သို့ သင်တန်းသား ၇၇ ဦး၊ သင်တန်းသူ ၂၉၇ ဦး စုစုပေါင်း ၃၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၁၆ ရက်မှ ဇူလိုင်လ ၁၈ ရက်ထိ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်သည်။


အခမ်းအနားအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်တွင်ဖွင့်လှစ်လျက်ရှိသော စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၃)မှ သင်တန်းသား၊ သင်တန်းသူများ၏ စီမံခန့်ခွဲမှုနှင့် ဥပဒေသင်ခန်းစာများ ဆွေးနွေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၉)မှသင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## အထူးမိုးလေဝသသတင်း

# ဇွန်လ ၂၂ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်


နေပြည်တော် ဇွန် ၁၆


ယနေ့ ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ယနေ့ညနေမှ ဇွန်လ ၂၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင်နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။




မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ

နေပြည်တော် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၈-၆-၂၀၂၅ ရက် ည ၈:၀၀ နာရီမှ ၁၅-၆-၂၀၂၅ ရက် ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၈၅ ခုအားစစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၆

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဇွန်လ ၁၆ ရက်အထိ သေဆုံးသူ ၃၇၅၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၃ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကိုရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်း၊ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအားတွေ့ဆုံ

ရန်ကုန် ဇွန် ၁၆

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်မြို့တွင်စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းအားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရက်ပေါင်း ၁၇၅ ရက်သာလိုသည့်အတွက် အုပ်ချုပ်/ နည်းပြများနှင့် ပဏာမလက်ရွေးစင်အားကစားသမားများက အောင်မြင်မှုဆုတံဆိပ်များရရှိအောင်စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းအားအပြည့်ဖြင့် ကြိုးစားကြရန်လိုကြောင်း၊ ပြိုင်ဘက်နိုင်ငံများမှမိမိနှင့် ယှဉ်ပြိုင်မည့် အားကစားသမား၏အခြေအနေကို အမြဲလေ့လာသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေရန် လိုကြောင်း ပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ စားရိပ်သာတွင် သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ပြီး သင်တန်းသား၊ သင်တန်းသူများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားကာ အားကစားနှင့်ကာယပညာသိပ္ပံဆေးခန်းအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိပြည်ထောင်စုခန်းမ၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နပန်းအားကစားလေ့ကျင့်ရေးရုံသို့ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်နပန်းအားကစားသမားများ သရုပ်ပြလေ့ကျင့်ကစားနေမှု၊ ကျွမ်းဘားအားကစားရုံ၌ အားကစားနည်းအလိုက် ပဏာမလက်ရွေးစင်ကျွမ်းဘားအားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိ




နေပြည်တော် ဇွန် ၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် မောင်းနှင်လည်ပတ်လျက်ရှိသည့် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံ၏ဓာတ်အားထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း စီမံကိန်းရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော စီမံကိန်းပုံစံငယ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် မြေကြီးကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များရရှိမှုအပေါ် အခြေခံ၍ စီးပွားရေးအရတွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်ပြီးဖြစ်သော ပင်မတာမံ၊ ပင်မရေပိုလွှဲ၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်နှင့် တည်ဆောက်ဆဲဖြစ်သော ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် Switchyard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသုံး စက်ရုံရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေးရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Weir(3)၊ Trash Rack များ ပြုပြင်တည်ဆောက်ခြင်းနှင့် စက်ရုံရေထုတ်မြောင်းပြုပြင်ထိန်းသိမ်းခြင်း၊ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင်တည်ရှိပြီး ၁၈ မဂ္ဂါဝပ်ဓာတ်အားပေးစက်သုံးလုံးဖြင့် တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိကာ နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၇၇ ဒသမ ၆ သန်း ထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) စက်ရုံတစ်ရုံဖြစ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီခုနစ်ထပ်ဆောင်သစ်၊ သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center) တွင် ၂၀၂၅ ခုနှစ် မေလအတွင်း၌ ခြင်ဆီကင်ဆာလူနာသုံးဦးနှင့် သွေးပြန်ရည်ကျိတ်ကင်ဆာလူနာတစ်ဦး စုစုပေါင်း လူနာလေးဦးအား ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါလူနာလေးဦးတွင် လူနာသုံးဦးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိပြီး ကျန်လူနာတစ်ဦးမှာလည်း ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း၊ ၎င်းမှာ သွေးပြန်ရည်ကျိတ်ကင်ဆာ (lymphoma) ရောဂါ ခံစားနေရသူဖြစ်ပြီး အေးခဲခြင်ဆီ (Cryopreservation) ပြုလုပ်၍ ခြင်ဆီအစားထိုးကုသမှုပထမဆုံးဆောင်ရွက်ခဲ့သည့်လူနာဖြစ်ကြောင်း သိရသည်။



လူနာလေးဦးမှာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ၄၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မန္တလေးမြို့မှ ၆၅ နှစ်အရွယ်အမျိုးသားတစ်ဦး၊ ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့မှ ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့မှ ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အဆိုပါခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/ငယ်များ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ လေးဦး စုစုပေါင်း ၁၉ ဦးကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသခြင်းများကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုအထိမ်းအမှတ် Block of Stamp အထူးထုတ် တံဆိပ်ခေါင်းသစ်တစ်မျိုးထုတ်ဝေမည်

နေပြည်တော် ဇွန် ၁၆

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့်မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထားမှတ်သားနိုင်စေရန် ထုတ်ဝေခဲ့သောတံဆိပ်ခေါင်းများကိုတံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ တစုတစည်းတည်းစုဆောင်းနိုင်ကြရန်ရည်ရွယ်၍ **ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုအထိမ်းအမှတ် Block of Stamp အထူးထုတ်** ၂၄၀၀ ကျပ်တန်(၂၀၀x၁၂)စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **ဇွန်လ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်(သောကြာနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇွန်လ ၂၀ ရက် (သောကြာနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု



◆ ကျောဖုံးမှအဆက်

အမှတ်စဉ် (၁၄)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)မှ သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) မှ သင်တန်းသားများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"ကျွန်တော်အခု အမှတ်စဉ်(၁၄)မှာ သင်တန်းတက်ရမယ်ဆိုတော့ အရင်လည်း ကိုယ့်အရှေ့က အမှတ်စဉ်တွေမှာ သင်တန်းတက်ခဲ့ရတဲ့သူတွေကို အားကျလို့ ကျွန်တော်ကိုယ်တိုင် ဒီအမှတ်စဉ်(၁၄)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခု ပြည်သူ့စစ်မှုထမ်းကို လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော်လည်း အသက်ပြည့်ပြီဆိုတဲ့အတွက်ကြောင့် ပြည်သူ့စစ်မှုထမ်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ လာတက်ရောက်တာဖြစ်ပါတယ်။ သင်တန်းတက်ရတာလည်း ပျော်ပါတယ်။ နိုင်ငံတော်အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီလို တာဝန်ထမ်းဆောင်ရတာကို ဂုဏ်ယူပါတယ်။ ကျွန်တော်ကတော့ ကျွန်တော် တာဝန်ထမ်းဆောင်ရမယ့် နှစ်နှစ်ကာလကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားပါ့မယ်လို့ ပြောချင်ပါတယ်" ဟုပြောသည်။

" ဒီသင်တန်းပြီးသွားလို့ရှိရင် ကိုယ်တာဝန်ကျမယ့် တပ်တွေကိုရောက်တဲ့အခါ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။ (၁၀၀)





ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Bogale Township supplies 75,000 viss of field crabs to Yangon market

BOGALE June 16

"Local traders from Bogale Township of Ayeyawady Region sold 75,000 viss of field crabs to Yangon market," said Daw Mon Mon, the owner of the fishery product depot in Bogale Township.

It is reported that field flower crabs from Bogale Township were sold and transported to the Yangon market. These marine crabs are being purchased by buyers in the Yangon market.

"The crabs being sold and transported to the Yangon market are caught directly from the fields. Marine products, including flower crabs, are mainly being shipped and sold to the Yangon market. Over the past month, field crabs have been sold and transported up to a weight of 75,000 viss. Currently, the seafood products exported from here are being actively bought by the Yangon market. The strong demand for crabs is due to both domestic needs and foreign market interest. With increased purchases of crabs, fishery entrepreneurs are now more engaged in buying and selling activities," said Daw Mon Mon.

Seafood products, including crabs from Bogale Township, are being continuously transported and sold to the Yangon market. The price for 10 viss of field crabs is reaching up to Ks-85,000. Due to the strong



demand for these field flower crabs, fishery workers, merchants, and vehicle rental business owners are reportedly benefiting from smoother operations.

**SK**

## Kalewa Township to grow more than 2,000 acres of maize and sweet corns in monsoon



KALEWA June 16

This year, more than 2,000 acres of maize and sweet corns will be planted in Kalewa Township of Sagaing Region this monsoon, according to the township agriculture department.

During the upcoming 2025-2026 monsoon crop season, it is planned to cultivate a total of 2,638 acres in Kalewa Township, with 217 acres of maize and 2,421 acres of sweet corn. Cultivation will begin in June this year and continue until December.

"The township plans to grow over 2,000 acres of maize and sweet corn during this year's monsoon cropping season. We will work to ensure that the targeted acreage is fully cultivated. To support successful crop production, we will also provide educational outreach and raise awareness on pest and disease prevention," said U Myo Naing, Head of the Kalewa Township Agriculture Department.

This year, the Kalewa Township Agriculture Department will provide training to farmers growing seed maize and sweet corn, conduct demonstration plots, implement preventive measures against stem borers, and promote integrated pest management. IPM techniques include the use of neem-based pesticides, as well as the use of ginger and chili-based pest repellents, along with other agricultural knowledge-sharing.

**SMK**

## Farmers to cultivate more than 23,000 acres of maize and sweet corns in Kalay Township this monsoon

KALAY June 16

Statistics of Kalay Township Agriculture Department stated that local farmers will grow more than 23,000 acres of maize and sweet corns in coming monsoon in Kalay Township of Sagaing Region.

For the 2025–2026 monsoon cropping season, it has been planned to cultivate a total of 23,282 acres of crops in Kalay Township — 17,254 acres of maize and 6,028 acres of sweet corn. Cultivation will take place from June to December this year.

"Kalay Township has planned to cultivate over 23,000 acres of maize and sweet corn during this year's monsoon cropping season. We will work to ensure that the targeted acreage is fully cultivated. In order to ensure successful crop yields, we will also provide agricultural knowledge and educate farmers on pest and disease prevention," said Daw Marn Awe, Head of the Kalay Township Department of Agriculture.

This year, the Kalay Township Department of Agriculture will support maize and sweet corn farmers through training sessions, field demonstrations, preventive measures against stem borers, and integrated pest management systems. Farmers will also receive knowledge about the use of neem-based pesticides and natural remedies like ginger and chili, as well as general agricultural best practices.

In Kalay Township, maize cultivation yields over 50 baskets per acre, with an estimated production cost of around Ks-500,000 per acre. For sweet corn, each acre can yield about 15,000 ears of corn, with the cost of cultivation exceeding Ks-500,000 per acre.

**SMK**

## ChaungU Township to plant over 9,000 acres of peanut in coming monsoon

CHAUNGU June 16

Statistics of ChaungU Township Agriculture Department stated that local farmers will grow more than 9,000 acres of monsoon peanut in the township of Sagaing Region.

For the 2025-2026 monsoon crop season, it has been planned to cultivate 9,800 acres of peanuts in ChaungU Township. At present, preparations are underway with the plowing of farmland to facilitate the peanut cultivation.

"This year, during the monsoon cropping season, we've planned to grow over 9,000 acres of peanuts in ChaungU Township. We are currently working on starting the peanut cultivation within this month. Efforts will continue to ensure we meet the targeted acreage. As an oil crop, peanut cultivation is in a successful state. Compared to previous years, there has been continual progress in peanut farming," said U Tint Swe, Head of the ChaungU Township Agriculture Department.

In ChaungU Township, one and a half baskets of peanut seeds are needed per acre, and the cost of cultivation per acre is over Ks-200,000. This includes the cost of seeds, labor, fertilizers, and pesticides. Each acre is expected to yield over 50 baskets.

**SK**

# More than 4,000 acres of summer sesame planted in Monywa District

MONYWA June 16

According to Monywa District Agriculture Department, a total of 4,686 acres of summer sesame were planted in the district of Sagaing Region this year.

Local authorities earmarked cultivation of 6,427 acres of summer sesame this year in the district but local farmers have so far planted 4,686 acres of crops.

"This year, during the summer crop season in Monywa District, sesame was planned to be cultivated on 6,427 acres, and cultivation has already been completed on 4,686 acres. Efforts are ongoing to meet the targeted acreage. Hence, efforts are being made to expand sesame cultivation, improve yield rates, and implement cultivation using GAP (Good Agricultural Practices) techniques," said Daw San San Myint, Head of Monywa District Department of Agriculture.

As for the status of sesame cultivation in each township within Monywa District this year. So, Monywa Township planted 421 acres of summer sesame, Budalin Township, 2,165 acres, Ayadaw Township, 2,078 acres and ChaungU Township, 22 acres, totalling 4,686 acres.

For the 2024-2025 summer crop season, local authorities earmarked cultivation of summer sesame. In this regard, Monywa Township planned to grow 480 acres of sesame, Budalin Township, 2,739 acres, Ayadaw Township, 3,200 acres and ChaungU Township eight acres, totalling 6,427 acres.

This year, farmers in Monywa District are being provided with technical support by the respective Township Agriculture Departments. This includes guidance on expanding sesame cultivation, using proper cultivation methods and GAP techniques, planting quality and pure seeds, and using high-yield varieties.

It is noted that crops grown under the GAP system are of higher quality compared to those grown using other methods. They also fetch better prices and have the advantage of being marketable not only domestically but also internationally. As a result, farmers who adopt GAP practices can achieve greater economic benefits and improved socio-economic livelihoods.



SK

# Authorities earmark cultivation of more than 8,000 acres of monsoon paddy in Khamti Township



KHAMTI June 16

Local authorities set a plan to grow more than 8,000 acres of monsoon paddy in Khamti Township of Sagaing Region, according to the township agriculture department.

For the 2025–2026 monsoon cropping season, it has been planned to cultivate 8,279 acres of monsoon paddy in Khamti Township. The planting is expected to take place from June to September this year.

Daw Su Su Khaing, Head of the Khamti Township Department of Agriculture, stated, "This year, during the monsoon cropping season, we have planned to cultivate over 8,000 acres of monsoon paddy in Khamti Township. We will work to ensure that the planned acreage is fully planted. We will also provide the necessary technologies and seed varieties for monsoon paddy cultivation. Field-level assistance will be given to farmers to ensure timely planting."

It is reported that during this year's monsoon cropping season, the relevant township agricultural department and local farmers will collaborate to ensure systematic cultivation without major difficulties.

In Khamti Township, farmers growing monsoon paddy will be provided with agricultural techniques, pest prevention awareness, guidance to avoid crop loss, and education to ensure harvested rice is stored under proper shelter in a timely manner.

SK

# Local farmers to grow more than 38,000 acres of paddy in Katha Township this monsoon

KATHA June 16

A plan is underway to grow more than 38,000 acres of monsoon paddy in Katha Township of Sagaing Region this year, according to Katha Township Agriculture Department.

For the 2025-2026 monsoon crop season, it has been planned to cultivate 38,510 acres of monsoon paddy in Katha Township. The planting will take place from June to September this year.

"The plan for this year's monsoon cropping season in Katha Township is to cultivate over 38,000 acres of monsoon paddy. Efforts will be made to meet the target acreage. Necessary technologies and suitable rice varieties will be provided. Field support will be given to help farmers plant monsoon paddy on time," said U Ko Lay, the Head of the Township Agriculture Department in Katha.

It is also known that the relevant township agriculture department will collaborate with local farmers to ensure a systematic and smooth cultivation process without difficulties during this year's monsoon cropping season.

Farmers in Katha Township will be provided with agricultural technology, awareness on pest prevention, and knowledge to prevent crop damage and loss. Efforts will be made to ensure timely post-harvest handling of rice under proper storage and cover.

SMK

# Plan underway to grow more than 2,000 acres of sweet corns in Pwintbyu Township

PWINTBYU June 16

According to Pwintbyu Township Agriculture Department, local authorities earmarked cultivation of 2,316 acres of sweet corns in Pwintbyu Township of Magway Region this monsoon.

During the monsoon crop season in Pwintbyu Township, it is planned to cultivate sweet corn across 2,316 acres. To meet this target, cultivation will take place from June to September this year, according to reports.

"We have planned to grow sweet corn on 2,316 acres in Pwintbyu Township during the monsoon season. Efforts will be made to ensure the target acreage is fully planted. Awareness and educational programmes will be carried out to ensure successful cultivation and to prevent pest and disease outbreaks. To achieve high-quality, safe produce, farmers will be supported and encouraged to follow GAP (Good Agricultural Practices) standards,"said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

During this monsoon season, the Agriculture Department will supervise sweet corn farmers in Pwintbyu Township to improve yields.

If sweet corn is cultivated properly to ensure both high yield and quality, it will not only meet local consumption needs but also allow surplus produce to be sold, generating income and contributing to socioeconomic development. Therefore, Daw Moe Moe Wai emphasized that efforts should be made to expand sweet corn cultivation in all regions.

SMK

# Putin, Erdogan discuss Middle East situation and Ukraine over phone



MOSCOW June 16

Russian President Vladimir Putin had a telephone conversation with his Turkish counterpart, Recep Tayyip Erdogan, to discuss the situation in the Middle East and Ukraine, the Kremlin said on Monday.

"Putin and Erdogan condemned Israel's use of force against Iran, which violated the UN Charter and other norms of international law," the statement said.

The statement said both sides expressed the most serious concern over the ongoing escalation of the Iran-Israel conflict, which has already caused a significant loss of life and poses long-term consequences for the entire region. The two leaders called for an immediate cessation of hostilities and urged both sides to settle their differences, including those related to Iran's nuclear program, through political and diplomatic means.

Putin expressed gratitude to Erdogan for providing organizational support for the direct talks between Moscow and Kiev, noting that Russia has strictly adhered to the agreements reached during the Russia-Ukraine talks in Istanbul on June 2, including the return of bodies of dead service personnel and the exchange of prisoners of war.

**Xinhua**



# Four killed, 6 injured in explosion in firecracker factory in India's Uttar Pradesh

NEW DELHI June 16

At least four women were killed and six others injured Monday in an explosion in a firecracker factory in the northern Indian state of Uttar Pradesh, police said.

The explosion took place in Atrasi Village of Amroha District, about 402 km northwest of Lucknow, the capital city of Uttar Pradesh.

Senior police officer in Amroha, Amit Kumar Anand, told media that four women were killed on the spot, and their bodies have been sent for post-mortem. Six other women injured in the accident were taken to the hospital.

According to Anand, the firecracker factory was a licensed unit. Officials said the victims were working in the factory at the time of the explosion.

The blast caused massive damage to the structure located in the middle of an agricultural field. The reason behind the explosion was not known yet.

An investigation was underway.

Accidental explosions are common in firecracker factories in India, and shops as owners usually ignore safety standards.

**Xinhua**

# Man suspected of killing US state lawmaker caught – police

WASHINGTON June 16

The primary suspect in the murder of senior Democratic Minnesota state lawmaker Melissa Hortman and her husband has been arrested after a two-day manhunt, according to local law enforcement.

Vance Luther Boelter, who allegedly posed as a police officer to carry out the attack, also shot and wounded a state senator, John Hoffman, and his wife in a separate incident. Police found the 57-year-old near his home in Sibley County, Minnesota.

Authorities say Boelter impersonated a police officer in order to gain access to his victims' homes. He first attacked Senator Hoffman and his wife, Yvette, at their home in Champlin, Minnesota, early Saturday morning. Both were shot multiple times but survived. Then Boelter allegedly went to Representative Hortman's home in nearby Brooklyn Park, where he fatally shot her and her husband, Mark.

"When we did a search of the vehicle, there was a manifesto that identified many lawmakers and other officials," Brooklyn Park Police Department Chief Mark Bruley told reporters at a press conference on Saturday. "We immediately made alerts to the state, who took action."

Officers added that the vehicle "looked exactly like an SUV squad car" and had emergency lights that made it appear "exactly like a police vehicle."

The list of about 70 names reportedly included prominent legislators and community leaders, as well as information about healthcare facilities. A Minnesota official told AP that the list included lawmakers who had publicly supported abortion rights.

Governor Tim Walz described the shootings as "targeted political violence." Boelter had previously served as a political appointee on the same state workforce development board as Hoffman, though it remains unclear whether they knew each other. He was known to hold conservative views and had expressed anti-abortion sentiments.

Before the attacks, Boelter reportedly sent text messages to friends apologizing for his actions, though he did not specify what he had done. "I'm going to be gone for a while. May be dead shortly, so I just want to let you know I love you guys both and I wish it hadn't gone this way," he wrote in messages seen by AP.

Boelter faces multiple charges, including two counts of second-degree murder and two counts of attempted second-degree murder.

**RT**

# 48 dead after boats capsize in northwest DR Congo

KINSHASA June 16

At least 48 people have died after boats capsized on Lake Tumba in the northwestern Democratic Republic of the Congo (DRC), the DRC government said on Sunday.

Following the incident near Bikoro in Equateur Province on Wednesday, 46 passengers have been rescued, while 107 remain unaccounted for. Authorities have recovered and buried 48 bodies so far, said a statement issued by Deputy Prime Minister and Minister of Interior and Security Jacquemain Shabani.

The victims were aboard three motorized canoes that capsized due to severe weather conditions on the lake, the statement said.

Reports suggest the death toll could exceed 60. The canoes were likely overloaded, as most of the passengers onboard were transporting the body of a deceased woman to a funeral in a village in the Bikoro region, the AFP news agency reported, citing local sources.

An interministerial mission has been dispatched to Bikoro to assess the situation and coordinate humanitarian assistance, the statement added, calling for constant efforts to prevent similar tragedies, strengthen disaster prevention mechanisms and enhance community resilience.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Back pain can be eased with walking – but there's a specific number of minutes to reach per day

Hitting 10,000 steps a day is a goal for millions of us. But the number of minutes we walk for may be a more important target to focus on.

Scientists believe being on your feet for over an hour-and-a-half every day could slash the risk of chronic lower back pain.

Norwegian and Danish researchers found people who walk for over 100 minutes a day cut this risk by almost a quarter compared to those who clocked 78 minutes per day or less.

They also discovered faster walkers were less likely to have chronic back pain—but the effect was less pronounced than walking for longer.

Experts, who labelled the findings important, urged policy makers to push walking as a 'public health strategy' to reduce the risk of the agonising condition.

In many cases, lower back pain starts suddenly and improves within a few days or weeks.

But if it sticks around for more than three months, it's classed as chronic, according to the NHS. In some cases, it can be considered a disability.

In the study, 11,194 Norwegians, with an average age of 55, were quizzed on their health and how much exercise they did per week.

Almost a sixth (14.8 percent) reported suffering from lower back pain, answering 'yes' to the following questions, 'During the last year, have you had pain and/or stiffness in your muscles or joints that lasted for at least three consecutive months? and 'Where have you had this pain or stiffness?'

Participants were considered to have the condition if they answered yes to the first question and reported pain in the lower back to the second.

Both men and women were involved in the study, and 100 minutes was found to be the optimum length of time for both sexes, and all ages.

Writing in the journal JAMA Network Open, the researchers concluded: 'Compared with walking less than 78 minutes per day, those who walked more than 100 minutes per day had a 23 percent reduced risk of chronic lower back pain.

'The reduction in risk of chronic lower back pain leveled off beyond a walking volume of about 100 minutes per day.


'Our findings suggest that daily walking volume is more important than mean walking intensity in reducing the risk of chronic lower back pain.

'These findings suggest that policies and public health strategies promoting walking could help to reduce the occurrence of chronic lower back pain.'

The researchers also noted that their results are 'likely generalisable beyond the Norwegian adult population, as physical inactivity prevalence in Norway is comparable to that observed in other high-income countries'.

They did note some limitations of the study, including that participants with higher walking volume tended to exercise more often and reported higher physical work demands, which might give them a physical advantage over other members of the group.

In the UK, musculoskeletal conditions (MSK)—including back pain—are the second biggest reason for people being 'economically inactive'—where someone is out of work and not looking for work.




Figures released by the Government in December 2024 revealed that MSK conditions affect approximately 646,000 Britons, 1-in-4 of the 2.8 m who are claiming long-term sickness benefits.

MSK comes second only to mental health issues for reasons why people are unable to work.

It was estimated that 23.4 million working days in the UK were lost due to MSK conditions in 2022.

NHS waiting lists for MSK community services are the highest of all community waits in England, with 348,799 people in September 2024 waiting to see a specialist.

As part of their Get Britain Working White Paper, the Government pledged a £-3.5 million package to 17 Integrated Care Boards (ICBs) across England to improve local MSK services.

**Mail Online**

# Breakthrough in Cancer Cure: Russian Lab Creates 'Diving Antibodies'

Russian scientists are developing a new method of curing cancer, revealed Alexander Sobolev, corresponding member of the Russian Academy of Sciences and head of RAS' Molecular Genetics of Intracellular Transport laboratory.

The researchers, Sobolev told Scientific Russia magazine, have developed artificial protein molecules that can "identify" cancerous cells and enter these cells' nuclei via intracellular transport mechanisms.

These artificial molecules could potentially be used to carry toxic agents such as radioactive isotopes that would ensure the destruction of cancerous cells with minimal risk of affecting neighboring non-cancerous cells.

Dubbed "modular nanotransporters", these tiny cells consist of several modular blocks that can be altered depending on the task at hand.

For example, Sobolev said, the modular transporter currently being tested by Rosatom consists of four modules:One of the modules identifies cancerous cells by interacting with the receptors located on their cellular membranes.

When the transporter enters a cancerous cell in a cell membrane bubble, another module creates pores in this bubble, granting access to the cancerous cell's inner workings.

The third module contains a sequence of amino acids that acts as a signal that ensures the delivery of the transporters' payload to the cancerous cell's nucleus.

The fourth module helps maintain the necessary 3D shape of the transporter and allows attaching of the toxic payload.

All of these stages have already been tested and demonstrated during experiments, Sobolev noted.

The safety of the new method had also been confirmed by previous tests of a similar modular nanotransporter involving the P. Hertsen Moscow Oncology Research Institute and A. Tsyb Medical Radiological Research Center.

Having realized that virtually any kind of payload can be attached to the molecules they have developed, the researchers also came up with a concept of a "diving antibody": an antibody or a molecule similar to it that could "dive" into a target cell and interact with the target protein within.

**Sputnik**

# မိုင် ၁၂၅၀ အထိသွားနိုင်စေမယ့် စွမ်းအင်နှစ်မျိုးသုံး Fulwin A9L




Fulwin A9L ဆိုတာ တရုတ်နိုင်ငံမှမော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်တဲ့ Chery က ထုတ်လုပ်ထားတဲ့ စွမ်းအင်နှစ်မျိုးသုံး ဇိမ်ခံကားတစ်စီးဖြစ်ပါတယ်။ ဇူလိုင်လရဲ့ အစောပိုင်းရက်တွေမှာ တရုတ်ပြည်တွင်း ရောင်းချမှုအတွက် ကြိုတင်ပြင်ဆင်နေပြီဖြစ်ပါတယ်။ လက်ရှိမှာတော့ ကြိုတင်အမှာစာတွေကိုလက်ခံနေပါပြီ။

အရင်တုန်းကသူ့ကို Fulwin A9 လို့ သတ်မှတ်ထားခဲ့ပေမယ့် အခုတော့ ပြည်တွင်းရှိ BYD ကုမ္ပဏီရဲ့ Han DM-i ကားနဲ့ Geely ရဲ့ Galaxy Starshine 8 ဆိုတဲ့ကားများနဲ့ ယှဉ်ပြိုင်နိုင်စေဖို့ အခုလိုမျိုးအဆင့်မြင့်ဇိမ်ခံအမျိုးအစားကို ထုတ်လုပ်လာတာဖြစ်ပါတယ်။

ဟောင်ကောင်မြို့မှာကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာမော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများပြပွဲမှာပါဝင်ပြသခဲ့တဲ့ A9L ရဲ့ ဈေးနှုန်းကိုတော့ ဒေါ်လာ ၂၀၇၀၀ ကနေ ဒေါ်လာ ၂၇၆၀၀ ကြားရှိမယ်လို့ခန့်မှန်းထားပါတယ်။ ကားရဲ့အရွယ်အစားမှာ အလျား ၅ ဒသမ ၀၁၈ မီတာနဲ့ အနံက ၁ ဒသမ ၉၆၅ မီတာရှိကာ အမြင့်ကတော့ ၃ မီတာအထိရှိပါတယ်။

ရှေ့အင်ဂျင်အဖုံးရဲ့အောက်မှာဆိုရင် Chery ကုမ္ပဏီကထုတ်လုပ်ထားရှိတဲ့ အဆင့်မြင့် Kunpeng Super Hybrid Electric 6.0 စနစ်ကိုတပ်ဆင်ပေးထားပါတယ်။ ဂီယာဘောက်ကိုတော့ ခြေနင်းစရာမလိုတဲ့ DHT Pro ဂီယာကိုတွဲဖက်တပ်ဆင်ပေးထားတာပါ။

အထူးသဖြင့် သူ့ရဲ့စွမ်းဆောင်ရည်က 1.5T တာဘိုအင်ဂျင်ကနေ အမြင့်ဆုံးစွမ်းအားအဖြစ် ကီလိုဝပ် ၁၆၀ ကိုထုတ်လုပ်ပေးပြီး စွမ်းအင်ပမာဏ ၃၃ ဒသမ ၇ ကီလိုဝပ်နာရီရှိတဲ့ ဖော့စဖိတ် Kunpeng Blade ဘက်ထရီနဲ့တွဲဖက်အသုံးပြုထားခြင်းဖြစ်ပါတယ်။ ဒါက စွမ်းအင်နှစ်မျိုးကို တွဲဖက်အသုံးပြုထားတဲ့စနစ်ဖြစ်ပါတယ်။

ဒီစနစ်မှာ လျှပ်စစ်စွမ်းအင်သီးသန့်ကို သာအသုံးပြုမယ်ဆိုရင် မိုင်အားဖြင့် ၁၆၁ မိုင်သာ ခရီးရောက်ပေမယ့် နှစ်မျိုးပေါင်းအသုံးပြုလိုက်မယ်ဆိုပါက အကြမ်းဖျင်းအားဖြင့် မိုင်ပေါင်း ၁၂၄၃ မိုင်အထိရောက်ရှိနိုင်စေမှာဖြစ်ပါတယ်။

ဒါ့အပြင် A9L ကို အဆင့်မြင့်ဇိမ်ခံကားတစ်စီးအဖြစ်ဖန်တီးထားခြင်းဖြစ်တာနဲ့ အညီ သတင်းပေးဖျော်ဖြေရေးစနစ်မှာဆိုရင်လည်း Qualcomm ကုမ္ပဏီထုတ်လုပ်ထားတဲ့ Snapdragon 8255 ချစ်ဆက်ကို အသုံးပြုထားပါတယ်။

ဒါ့အပြင် ယာဉ်မောင်းအထောက်အကူပြုစနစ်နဲ့ အလိုအလျောက်မောင်းနှင်နိုင်မယ့်စနစ်များအတွက် LiDAR စနစ်အပါအဝင် အဆင့်မြင့်အာရုံခံကိရိယာပေါင်း ၂၇ ခု၊ မီလီမီတာလှိုင်းနှုန်းထုတ်လွှင့်ပေးသည့် ရေဒါများ၊ ပတ်ပတ်လည်အမြင်နှင့် မြင်ကွင်းကျယ်ကင်မရာများအပြင် အသံနှုန်းလွန်အာရုံခံကိရိယာများကို Orin Y 200T ဆိုတဲ့တွက်ချက်မှုစနစ်နဲ့တွဲဖက်ပြီး အသုံးပြုပေးထားပါတယ်။

ဒီလိုမျိုး အာရုံခံကိရိယာတွေနဲ့ တွက်ချက်မှုစနစ်တွေကြောင့် A9L ဟာ ပါကင်ထိုးခြင်းကိုမှတ်သားသည့်စွမ်းရည်၊ အမြန်လမ်းနဲ့မြို့တွင်းလမ်းတွေမှာ လမ်းညွှန်အော်တိုမောင်းစနစ်၊ အတားအဆီးများကို အသိဉာဏ်ရှိစွာ ကျော်လွှားနိုင်သည့်စွမ်းဆောင်ရည်၊ မျက်ကွယ်သတိပေးစနစ်နဲ့ လမ်းကျော်သတိပေးစနစ်တို့က ပိုမိုအလုပ်ဖြစ်လာစေပါတယ်။

ဒီကားတွေကို တရုတ်ပြည်တွင်းမှာ လာမယ့်လကစပြီး ရောင်းချသွားမှာဖြစ်ပေမယ့် ကမ္ဘာတစ်ဝန်းသို့တင်ပို့ရောင်းချမှုကိုတော့ လာမယ့်နှစ်ပထမသုံးလပတ်အတွင်းလုပ်ဆောင်သွားမယ်လို့ Chery ကုမ္ပဏီမှဥက္ကဋ္ဌ ယင်တောင်ယွီကပြောပါတယ်။

ဒါ့အပြင် Chery ကုမ္ပဏီဟာ မကြာခင်မှာ ကမ္ဘာတစ်ဝန်းဆီမော်တော်ကားအစီးရေပေါင်း ၅ သန်းအထိတင်ပို့ရောင်းချထားနိုင်တဲ့ တရုတ်နိုင်ငံရဲ့ပထမဆုံးကုမ္ပဏီဖြစ်လာမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# တစ်နာရီ ၄၄ မိုင်နှုန်းနဲ့ပျံသန်းမယ့် ဆိုင်ကယ်ပျံ



Skyrider X6 လို့အမည်ပေးထားတဲ့ ဆိုင်ကယ်ပျံတစ်မျိုးကို တရုတ်နိုင်ငံရှိ Kuickwheel ဆိုတဲ့ကုမ္ပဏီက တရားဝင်ထုတ်ဖော်ပြသလိုက်ပါပြီ။ အဲဒီဆိုင်ကယ်ပျံက ပုံစံနှစ်မျိုးနဲ့သွားလာနိုင်အောင်တီထွင်ထားတာဖြစ်ပြီး တရုတ်နိုင်ငံမှာရှိတဲ့ ကုန်ပစ္စည်းရောင်းဝယ်ရေးဝက်ဆိုက်တွေကနေတစ်ဆင့် ကြိုတင်အမှာစာတွေတင်ထားလို့ရပါပြီဆိုပြီး ထုတ်ပြန်ထားပါတယ်။ ဈေးနှုန်းကိုတော့ယွမ် ၄၉၈၈၀၀၀ သတ်မှတ်ထားပါတယ်။

အဲဒီဆိုင်ကယ်ပျံက ဘီးသုံးဘီးပါဝင်ကာ ကုန်းပေါ်မှာသာသွားလာနိုင်ရုံမက လေပေါ်မှာပါပျံသန်းနိုင်တဲ့အမျိုးအစားဖြစ်ပါတယ်။ သူ့မှာ အခြေအနေနှစ်ရပ်ပါဝင်ပါတယ်။ ပထမတစ်ခုက ပြောင်းပြန်သွားသုံးဘီးယာဉ်စနစ်ဖြစ်ပြီး သူကမြေပြင်ပေါ်မှာသွားလာမှုအတွက်အသုံးဝင်တဲ့စနစ်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ သူ့ဆီကနေဒလက်တွေထွက်ပေါ်လာပြီး ပျံသန်းမှုအတွက်ပုံစံပြောင်းလဲသွားနိုင်တဲ့စနစ်ဖြစ်ပါတယ်။

မြေပြင်မှာသွားလာမယ်ဆိုရင် အဲဒီဆိုင်ကယ်က တစ်နာရီကို ကီလိုမီတာ ၇၀ နှုန်းနဲ့ ကီလိုမီတာ ၂၀၀ အထိသွားနိုင်ပြီး ပျံသန်းမှုလုပ်ဆောင်စဉ်မှာတော့ တစ်နာရီကို ၄၄ ဒသမ ၇ မိုင်နှုန်းနဲ့ပျံသန်းနိုင်မှာပါ။ မြေပြင်မှာသွားလာဖို့အတွက် လျှပ်စစ်မော်တာတွေက တာဝန်ယူပေးမှာဖြစ်သလို လေပေါ်မှာပျံသန်းဖို့အတွက်လည်း လျှပ်စစ်မော်တာအသုံးပြုထားတဲ့ ဒလက်တွေက တာဝန်ယူပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် ထုတ်ပြန်ချက်တွေမှာဖော်ပြထားချက်အရဆိုရင် Skyrider X6 သည် အလိုအလျောက်ပျံသန်းခြင်း၊ ဆင်းသက်ခြင်းနှင့် လမ်းကြောင်းရွေးချယ်ခြင်းတို့ကိုလုပ်ဆောင်နိုင်မယ်လို့သိရပါတယ်။ ဒါတင်မကသေးပါဘူး။ သူ့ကိုကာဗွန်ဖိုင်ဘာနဲ့ လေကြောင်းအဆင့်သုံး အလူမီနီယံသတ္တုစပ်တို့ကိုအသုံးပြုထားတာကြောင့် အလေးချိန်ကပေါ့ပါးပါတယ်။ **Ref: IE**

**ကိုထက်**

# GAC ကထုတ်လုပ်လိုက်တဲ့ ကားပျံ

GAC ကုမ္ပဏီက တရုတ်နိုင်ငံရဲ့နာမည်ကျော်မော်တော်ကားထုတ်လုပ်တဲ့ကုမ္ပဏီဖြစ်ပါတယ်။ အခုတော့ သူတို့က သမားရိုးကျကားတွေအပြင် ကားပျံကိုပါထုတ်ဖော်ပြသလိုက်ပါပြီ။ အဲဒီကားပျံကို Govy AirCab လို့နာမည်ပေးထားပါတယ်။

Govy AirCab က ထိုင်ခုံနှစ်လုံးပါပြီး ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်တဲ့ ကားပျံအမျိုးအစားဖြစ်ပါတယ်။ GAC ကုမ္ပဏီက အခုလိုမျိုးကားပျံတွေကို ထုတ်လုပ်ခြင်းက ဝေဟင်အငှားယာဉ်ဈေးကွက်ကို ပိုမို တွင်ကျယ်လာစေဖို့ဖြစ်တယ်လို့ဆိုပါတယ်။ သူ့ရဲ့တန်ဖိုးကိုတော့ ယွမ် ၁ ဒသမ ၆၉ သန်းဝန်းကျင် သတ်မှတ်ထားပါတယ်။

သူ့ကိုလျှပ်စစ်စွမ်းအင်အသုံးပြုထားတာဖြစ်ပြီး တစ်ကြိမ်အားအပြည့်သွင်းထားရုံနဲ့ ကီလိုမီတာ ၃၀ အထိသွားနိုင်စေမယ်လို့ဆိုပါတယ်။ ဒါကြောင့်သူ့ကို အဓိကအသုံးပြုနိုင်တဲ့နေရာက ဝေးကွာတဲ့ခရီးစဉ်တွေထက် မြို့တွင်းမှာအသုံးပြုနိုင်မှာဖြစ်ပါတယ်။

သူ့ကိုအားသွင်းမယ်ဆိုရင် အပြည့်သွင်းပါက ၂၅ မိနစ်ကြာမြင့်မှာဖြစ်ပြီး ၅၀ ရာခိုင်နှုန်းသာသွင်းပါက ၁၅ မိနစ်ကြာမြင့်မယ်လို့ GAC ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။ သူ့မှာလိုအပ်တဲ့ လျှပ်စစ်စွမ်းအင်ကိုတော့ ထုလုံးပုံဘက်ထရီတွေကနေ ရယူတာဖြစ်ပြီး အဲဒီဘက်ထရီတွေက သိပ်သည်းဆမြင့်မားတယ်လို့ဆိုပါတယ်။

ဒါ့အပြင် တခြားလုပ်ဆောင်ချက်တွေအနေနဲ့ 5G ကွန်ရက်ကိုအသုံးပြုခြင်း၊ အသံလက်ထောက်စနစ်ပါဝင်ခြင်း၊ မွှေးရနံ့၊ အပူချိန်နဲ့ ဂီတသံတို့ကိုချိန်ညှိနိုင်ခြင်းတို့အပြင် တခြားသောအဆင့်မြင့်လုပ်ဆောင်ချက်တွေကိုထည့်သွင်းပေးထားတယ်လို့ GAC ရဲ့ ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ **Ref: IE**

**ကိုထက်**






# အမေရိကန်၏ ဝေဟင်ဆီဖြည့်လေယာဉ်အစင်း ၃၀ ကျော် အရှေ့အလယ်ပိုင်းသို့ရောက်ရှိလာ

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်နိုင်ငံမှ ဝေဟင်ဆီဖြည့်လေယာဉ်အစင်း ၃၀ ကျော်သည် အတ္တလန္တိတ်သမုဒ္ဒရာကိုကျော်ဖြတ်ပြီးနောက် အရှေ့အလယ်ပိုင်းဒေသသို့ရောက်ရှိလာပြီဖြစ်ကြောင်း Military Watch မဂ္ဂဇင်းက ဇွန်လ ၁၆ ရက်တွင်ဖော်ပြထားသည်။

အမေရိကန်က ယခုကဲ့သို့ဝေဟင်ဆီဖြည့်လေယာဉ်အစင်းရေအများအပြားကို စေလွှတ်ခြင်းသည် ထူးခြားသည့်လုပ်ရပ်တစ်ခုဖြစ်ကြောင်း၊ အဆိုပါလုပ်ရပ်ကြောင့် လက်ရှိဖြစ်ပွားနေသော အစ္စရေး-အီရန်စစ်ပွဲတွင် အမေရိကန်၏နက်ရှိုင်းစွာပါဝင်မှုရှိလာနိုင်သည်ကိုဖော်ပြနေကြောင်း ထိုမဂ္ဂဇင်းကသုံးသပ်ဖော်ပြထားသည်။

အစ္စရေး-အီရန်ပဋိပက္ခအတွင်း အမေရိကန်နိုင်ငံ၏အကျိုးစီးပွားများကို ထိခိုက်လာပါက ထိုပဋိပက္ခတွင် အမေရိကန်က တိုက်ရိုက်ပါဝင်လာနိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတိပေးထားသည်။

လေကြောင်းပျံသန်းမှုစောင့်ကြည့်ရေးဆိုင်ရာအချက်အလက်များအရ အမေရိကန်မှ C-135 နှင့် KC-46 ဝေဟင်ဆီဖြည့်လေယာဉ်များသည် အရှေ့အလယ်ပိုင်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုလေယာဉ်များသည် အစ္စရေးလေတပ်ကိုကူညီရန်သို့မဟုတ် ထိုပဋိပက္ခတွင်အမေရိကန်ပါဝင်လာပါက ၎င်းတို့၏တိုက်လေယာဉ်များနှင့်ဗုံးကြဲလေယာဉ်များအတွက် အကူအညီရစေရန်ဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်းက ခန့်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် လက်ရှိဖြစ်ပွားနေသော အစ္စရေး-အီရန်ပဋိပက္ခ၌ အမေရိကန်က ထောက်လှမ်းရေးသတင်းများ၊ ဂြိုဟ်တုမှပစ်မှတ်ရှာဖွေမှုအချက်အလက်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထောက်ပံ့ပေးနေစဉ် အနောက်နိုင်ငံအချို့မှ ဆီဖြည့်လေယာဉ်များက အစ္စရေးကို ကူညီပေးနေကြောင်းသိရသည်။ **Ref: RT**

# ရုရှားက ယူကရိန်းမှကျဆုံးစစ်သည်ရုပ်အလောင်း ၆၀၀၀ ကျော်ကို ပြန်လည်လွှဲပြောင်းပေးအပ်

**မော်စကို၊ နိုင်ငံရေး**

ရုရှားနိုင်ငံသည် ယူကရိန်းနှင့်ဖြစ်ပွားသည့်ပဋိပက္ခအတွင်း ယူကရိန်းမှ ကျဆုံးသွားသည့်စစ်သည်များ၏ ရုပ်အလောင်း ၆၀၀၀ ကျော်ကို ယူကရိန်းသို့ပြန်လည်လွှဲပြောင်းပေးအပ်လိုက်ကြောင်း ပဋိပက္ခနှင့်စပ်လျဉ်း၍ ရုရှားစေ့စပ်ညှိနှိုင်းရေးမှူးဖြစ်သည့် ဗလာဒီမာမက်ဒင်စကီကပြောသည်။

ရုရှားဘက်က ယူကရိန်းသို့ကျဆုံးစစ်သည် ၆၀၆၀ ၏ရုပ်အလောင်းများကို ပြန်လည်လွှဲပြောင်းပေးစဉ် ယူကရိန်းက ရုရှားသို့ ရုရှားနိုင်ငံမှကျဆုံးစစ်သည် ၇၈ ဦး၏ ရုပ်အလောင်းများကို ပြန်လည်လွှဲပြောင်းပေးကြောင်း ဗလာဒီမာမက်ဒင်စကီက ဇွန်လ ၁၆ ရက်တွင်ပြောသည်။



ယခုလအစောပိုင်းတွင် တူကီယဲနိုင်ငံ၌ ကျင်းပခဲ့သော ရုရှား-ယူကရိန်းမျက်နှာချင်းဆိုင်ဆွေးနွေးမှုအတွင်း ရရှိခဲ့သော သဘောတူညီချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခုကဲ့သို့လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း မက်ဒင်စကီကပြောထားသည်ဟုသိရသည်။

**Ref: RT**

# အမေရိကန်လွှတ်တော်အမတ်များကိုပစ်ခတ်ခဲ့သူ အဖမ်းခံထားရ

**စိန့်ပေါ၊ ရာဇဝတ်မှု**

အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားပြည်နယ်၌ လွှတ်တော်အမတ်များကို ပစ်ခတ်ခဲ့သည့်အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးရမိထားပြီဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

အသက် ၅၇ နှစ်ရှိ ဗန့်လူသာဘိုးတားဆိုသူအမျိုးသားသည် လွှတ်တော်အမတ်ဖြစ်သည့် ဂျွန်ဟော့မန်းနှင့်ဇနီးကိုလည်းကောင်း၊ ပြည်နယ်အောက်လွှတ်တော်ဥက္ကဋ္ဌ မယ်လီဆာဟော့မန်းနှင့်ခင်ပွန်းကိုလည်းကောင်း ဇွန်လ ၁၄ ရက်နံနက်ပိုင်းတွင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်ခံရသူများအနက် မယ်လီဆာဟော့မန်းနှင့်ခင်ပွန်းတို့သေဆုံးသွားပြီး ကျန်သူများမှာ ဒဏ်ရာရရှိထားကြောင်း သိရသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

### ဂါဇာရှိ ထောက်ပံ့ရေးစင်တာအနီး၌ အစ္စရေး၏ ပစ်ခတ်မှုကြောင့် အနည်းဆုံး လူ ၄၀ သေဆုံး

ဂါဇာရှိ ထောက်ပံ့ရေးစင်တာအနီး၌ အစ္စရေးစစ်သည်များ၏ပစ်ခတ်မှုကြောင့် အနည်းဆုံး လူ ၄၀ သေဆုံးကြောင်း ဂါဇာဒေသကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၁၆ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် ရာဖာဒေသရှိ ထောက်ပံ့ရေးစခန်းအနီး၌ဖြစ်ပွားသော အဆိုပါပစ်ခတ်မှုအတွင်း အယောက် ၂၀၀ ခန့်ဒဏ်ရာရရှိသွားကြောင်း၊ ထိုသူများသည် ထောက်ပံ့ရေးစင်တာမှအစားအစာများကို တန်းစီရယူသူများဖြစ်ကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိသူများကပြောသည်။

ထို့ပြင် အစ္စရေးက ဂါဇာသို့ထောက်ပံ့ရေးလမ်းကြောင်းများကို ပြန်ဖွင့်ပေးပြီးနောက် အမေရိကန်က ကျောထောက်နောက်ခံပြုထားသည့် ဂါဇာလူသားချင်းစာနာထောက်ထားမှုဖောင်ဒေးရှင်းက ယင်းဒေသ၌စားနပ်ရိက္ခာများကို အဓိကဝေပေးနေသူဖြစ်သော်လည်း အစ္စရေးစစ်သည်များခြံရံလျက် ထိုကဲ့သို့ဝေပေးနေသောလုပ်ဆောင်ချက်သည် ထိုဒေသရှိ ပါလက်စတိုင်းများအတွက် အန္တရာယ်များကြောင်း ကုလသမဂ္ဂကပြောထားသည်ဟုသိရသည်။ **Ref: TST**

### အီရန်က အစ္စရေးထောက်လှမ်းရေးနှစ်ဦးကို ဒရုန်း ၂၃ စင်းနှင့်အတူဖမ်းဆီးရမိထားဟုဆို

အီရန်တာဝန်ရှိသူများသည် အစ္စရေးနိုင်ငံမှထောက်လှမ်းရေးနှစ်ဦးကို တီဟီရန်မြို့အနီး၌ ဖမ်းဆီးရမိထားကြောင်း အီရန်ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဆာအိမ့်တယ်ဇာမာဒီကပြောသည်။

အဆိုပါ အစ္စရေးထောက်လှမ်းရေးနှစ်ဦးကို ဖောက်ခွဲရေးပစ္စည်းကီလိုဂရမ် ၂၀၀ ကျော်၊ ဒရုန်း ၂၃ စင်း၊ ဒရုန်းလွှတ်လောင်ချာတစ်လက်အပြင် ထိန်းချုပ်ရေးကိရိယာများနှင့်အတူ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ၏ ပြောဆိုချက်ကို ကိုးကား၍ Fars News သတင်းဌာနကဖော်ပြထားသည်။

အစောပိုင်းကလည်း အီရန်ရဲတပ်ဖွဲ့သည် အစ္စရေးထောက်လှမ်းရေးနှစ်ဦးကို တီဟီရန်မြို့မြောက်ပိုင်းရှိ အယ်ဘော့ပြည်နယ်၌ဖမ်းဆီးရမိကြောင်း၊ ၎င်းတို့သည် ဗုံးများနှင့်ဖောက်ခွဲရေးပစ္စည်းများ လုပ်ဆောင်မှုတွင်ပါဝင်ခြင်းဖြစ်ကြောင်း ISNA သတင်းဌာနကဖော်ပြထားသည်။ အလားတူ အစ္စရေးမှဒရုန်းများတင်လာသည့်ယာဉ်များကိုလည်း ဇွန်လ ၁၄ ရက်တွင် ဖမ်းမိထားကြောင်း Nour သတင်းဌာနကဖော်ပြထားသည်။ **Ref: Sputnik**

### အဲအိန္ဒိယလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ချွတ်ယွင်းမှုတစ်ခုကြောင့် ဟောင်ကောင်သို့ပြန်ဆင်း

ဟောင်ကောင်မြို့မှ နယူးဒေလီမြို့သို့ ထွက်ခွာလာသည့် အဲအိန္ဒိယလေကြောင်းလိုင်းမှ Boeing 787-8 Dreamliner အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် လေဆိပ်မှပျံတက်ပြီးနောက် နာရီဝက်ခန့်အကြာတွင် နည်းပညာပိုင်းဆိုင်ရာချွတ်ယွင်းချက်တစ်ခုကြောင့် ဟောင်ကောင်လေဆိပ်သို့ပြန်လည်ဆင်းသက်ရမှုဖြစ်ပွားကြောင်းသိရသည်။

အဆိုပါလေယာဉ်မှလေယာဉ်မှူးက လေယာဉ်ပျံသန်းနေစဉ် နည်းပညာပိုင်းဆိုင်ရာချွတ်ယွင်းချက်ကို သတိပြုမိသည့်အတွက် ဟောင်ကောင်လေဆိပ်ရှိ လေကြောင်းထိန်းချုပ်ရေးဌာနသို့ သတင်းပို့ကာ ယင်းလေဆိပ်၌ဘေးကင်းစွာပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်းနှင့် ထိုလေယာဉ်ကို ဘေးကင်းစိတ်ချရမှုရှိစေရေးအတွက် စစ်ဆေးမှုများလုပ်ဆောင်နေကြောင်း လေကြောင်းလိုင်းကထုတ်ပြန်ထားသည်။ ပြီးခဲ့သည့်သီတင်းပတ်တွင် အဲအိန္ဒိယလေကြောင်းလိုင်းမှ အလားတူအမျိုးအစားလေယာဉ်သည် လေဆိပ်မှ ပျံတက်ပြီးမကြာမီမှာပင် ပျက်ကျမှုဖြစ်ပွားထားကြောင်းသိရသည်။ **Ref: SCMP**

### ဂျပန်၌ ဆန်စျေးနှုန်းများ သီတင်းပတ်သုံးပတ်အထိ ဆက်လက်ကျဆင်းလာ

ဂျပန်နိုင်ငံရှိ ကုန်တိုက်ကြီးများတွင် ရောင်းချလျက်ရှိသော ဆန်စျေးနှုန်းများသည် သီတင်းပတ်သုံးပတ်အထိ ဆက်လက်ကျဆင်းလာကြောင်း ဇွန်လ ၁၆ ရက်တွင် ထုတ်ပြန်သောအချက်အလက်များတွင် တွေ့ရသည်။

အစိုးရကသိုလှောင်ထားသည့်အရန်ဆန်များကို စျေးနှုန်းလျှော့ချ၍ စျေးကွက်အတွင်းရောင်းချပေးမှုကြောင့် ယခုကဲ့သို့ စျေးနှုန်းများကျဆင်းလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ ဆန်စျေးနှုန်းများတစ်ဟုန်ထိုးမြင့်တက်လာပြီးနောက် လယ်ယာဝန်ကြီးအသစ်က အရေးပေါ်ဆန်များကို လေလံဆွဲခြင်းမှတစ်ဆင့် ရောင်းချဖြန့်ဖြူးပေးမှုစနစ်ကိုဖျက်သိမ်းလိုက်သည်။

ထိုစနစ်အစား လက်ကားကိုယ်စားလှယ်များထံသို့ လိုအပ်သလောက်သာ ထုတ်ပေးသောစနစ်သို့ပြောင်းလဲပြီး စားသုံးသူများအနေဖြင့် ဆန် ၅ ကီလိုဂရမ်လျှင် ယန်း ၂၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူနိုင်စေရေးကို စီစဉ်ပေးလာခြင်းဖြစ်ကြောင်း သိရသည်။ **Ref: RTA**

# အစာစားချင်စိတ်မရှိတာ ဘာကြောင့်လဲ

ကြည်လွင်မြင့်(မုဒြာ)

"ဝမ်းမီးအလုပ်မလုပ်တော့သောအခြေအနေကို ဝမ်းမီးပျက်သည်ဟုဆိုသည်။ အိမ်တွင် မီးမလာသောအခါ မီးစက်နှိုးကြသည်။ မီးစက်နှိုးမရသောအခါ မီးစက်ပျက်သွားပြီဟု ဆိုကြသည်။ ပူအိုက်ခြင်း၊ မှောင်မည်းခြင်းဒဏ်အမျိုးမျိုးကို ခံစားကြရသည်။

ထို့အတူ ဝမ်းမီးပျက်လျှင်လည်း ထိုလူနာမှာ ပူလောင်ခြင်း၊ ရေငတ်ခြင်း၊ သွေးထွက်ခြင်း၊ ဝမ်းပျက်ခြင်း၊ သတိလစ်ခြင်းတို့ကို ခံစားရလေသည်။ ထို့ကြောင့် ရှေးသမားတော်ကြီးများကရေးသော ဆေးကျမ်းများတွင် ဝမ်းမီးပျက်သော် သိကြားမင်းဆင်းကုသော်မှ မရဟု ဆိုကြသည်. . ."

သင် တစ်ခါတစ်ရံ အစာစားချင်စိတ် ကင်းမဲ့နေပါလိမ့်မည်။ ဘာစားချင်သလဲမေးလျှင် ဘာပြောရမှန်းမသိ၊ စားချင်စိတ်မရှိသဖြင့် စားချင်တာကို မသိခြင်းဖြစ်သည်။ အိမ်ရှင်မက ဈေးခြင်းကိုင်ပြီး ဈေးသွားခါနီးလျှင် ဒီနေ့ဘာစားချင်သလဲဟု မေးလေ့ရှိသည်။ ထိုအခါ ဘာပြောရမှန်းမသိဖြစ်ပြီး–

"ကြုံတာသာ ဝယ်ချက်ပါကွာ၊ ဘာမှ စားချင်စိတ်မရှိဘူး" ဟု ပြောလိုက်ရသည်။

လူကို အစာစားချင်စိတ်ဖြစ်စေသောအရာမှာ အစာအိမ်မှ ဝမ်းမီးဖြစ်သည်။ ဝမ်းမီးတောက်နေပြီဟု ပြောလျှင် ဗိုက်ဆာလှပြီ၊ ခြေဖို့အစာကို အစာအိမ်က တောင့်တနေပြီ၊ မြန်မြန်စားပါတော့ဟု ဆိုလိုသည်။

ဝမ်းမီးငြိမ်းသွားပြီဆိုလျှင် ယနေ့အဖို့ အစာဝပြီ၊ ပြည့်စုံပြီ၊ နောက်ထပ်စားရန်မလိုတော့သဖြင့် အစာအိမ်မှ မီးဖိုကြီးကို ငြိမ်းလိုက်ပြီဟု သဘောပေါက်ရလေသည်။ သို့သော် ဝမ်းမီးငြိမ်းခြင်းသည် တစ်နေ့တာအတွက်သာ ငြိမ်းခြင်းဖြစ်ပြီး နောက်တစ်နေ့ အချိန်တန်လျှင် ဗိုက်ပြန်ဆာပြီး ဝမ်းမီးပြန်တောက်ဖို့ လိုသည်။ အမြဲငြိမ်းသွားဖို့မဟုတ်။ ဝမ်းမီး အမြဲငြိမ်းသွားသည်ကား လူသေဆုံးခြင်းပင်ဖြစ်သည်။

ဝမ်းမီးငြိမ်းခြင်းအပြင် ဝမ်းမီးပျက်ခြင်းဟူသော စကားလည်းရှိသေးသည်။ လူနာက အစာကို လက်မခံတော့၊ ဘာကျွေးကျွေးမဝင်၊ ဝင်လျှင်လည်း ပြန်အန်ထုတ်သည်။ ဝမ်းသွားလျှင် မကြေသောအစာများမှာ အဖတ်များအတိုင်း ပြန်ပါလာသည်။

ဝမ်းမီးအလုပ်မလုပ်တော့သောအခြေအနေကို ဝမ်းမီးပျက်သည်ဟုဆိုသည်။ အိမ်တွင် မီးမလာသောအခါ မီးစက်နှိုးကြသည်။ မီးစက်နှိုးမရသောအခါ မီးစက်ပျက်သွားပြီဟု ဆိုကြသည်။ ပူအိုက်ခြင်း၊ မှောင်မည်းခြင်းဒဏ်အမျိုးမျိုးကို ခံစားကြရသည်။

ထို့အတူ ဝမ်းမီးပျက်လျှင်လည်း ထိုလူနာမှာ ပူလောင်ခြင်း၊ ရေငတ်ခြင်း၊ သွေးထွက်ခြင်း၊ ဝမ်းပျက်ခြင်း၊ သတိလစ်ခြင်းတို့ကို ခံစားရလေသည်။ ထို့ကြောင့် ရှေးသမားတော်ကြီးများကရေးသော ဆေးကျမ်းများတွင် ဝမ်းမီးပျက်သော် သိကြားမင်းဆင်းကုသော်မှ မရဟု ဆိုကြသည်။

ဝမ်းမီးငါးမျိုးရှိသည်ဟု ဆေးကျမ်းများက ဆိုသည်။

မန္ဒဝမ်းမီး–အားပျော့သော ဝမ်းမီး၊ တိက္ခဝမ်းမီး–ထက်သော ဝမ်းမီး၊ သမဝမ်းမီး–မျှတသော ဝမ်းမီးတို့ဖြစ်သည်။

ဤသုံးမျိုးသည် လူတို့တွင် အခြေအနေ၊ အချိန်အခါ၊ အသက်အရွယ်လိုက်၍ အစာအိမ်အတွင်း မကြာခဏပြောင်းလဲဖြစ်တတ်သော ဝမ်းမီးများဖြစ်သည်။

ဆေးကျမ်းများအဆို ကျန်ဝမ်းမီးနှစ်မျိုးမှာကား ရောဂါဖြစ်နေသူများအဆင့်တွင် တွေ့ရလေ့ရှိသော ဝမ်းမီးမျိုးဟု ဆိုရမည်ဖြစ်သည်။

ယင်းနှစ်မျိုးမှာ ဝိသမဝမ်းမီး–ပျက်စီးနေသော ဝမ်းမီးနှင့် ဘဿဝမ်းမီး–ပြာကျအောင် လောင်သော ဝမ်းမီးဟု ဆေးပညာကျမ်းများအဆိုအရ သိရသည်။

ဤဝမ်းမီးငါးမျိုးအနက် မန္ဒဝမ်းမီး ခေါ် နုံ့သော ဝမ်းမီး တစ်နည်းအားဖြင့် အားလျော့သောဝမ်းမီးအကြောင်းကိုသာ ဤဆောင်းပါးတွင် တင်ပြလိုက်ရပါသည်။

သမုဒ္ဒရာ ဝမ်းတစ်ထွာဟုဆိုရာဝယ် ကိုယ့်ဝမ်းအတွက်သာမက သူတစ်ပါးဝမ်းအတွက်၊ မိသားစုဝမ်းအတွက်ပါ ရှာဖွေကြရသူများတွင် စားချိန်တန်၍ မစားရ၊ အချိန်လွန်မှ စားရသောနေ့များရှိကြပေလိမ့်မည်။

လူတချို့ပြေလည်နေကြသော်လည်း မပြေလည်ကြသူများမှာ အစာကို စားရပြန်သော်လည်း ဝဝလင်လင်မစားရ၊ ခွဲတမ်းနှင့်သာ စားရသူများရှိကြသည်။ ဝမ်းမီးဟူသည် စိတ်နှင့်ဆက်နွယ်နေသော သဘာဝရှိသဖြင့် စားစရာမရှိတော့၊ မကျန်တော့သဖြင့် အာသီသမပြည့်ဝဘဲ ရပ်လိုက်ရသောအခါတွင် ဝမ်းမီးကလည်း အားလျော့သွားရလေသည်။

ဈေးရောင်းရသူမိတ်ဆွေတစ်ဦးက ပြောဖူးသည်မှာ သူတို့မိသားစု ထမင်းစားလျှင် ဘယ်သောအခါတွင်မျှ စုံစုံညီညီမစားရ။ တစ်ဦးစားလျှင် ကျန်သူများက ဈေးရောင်း၊ အလှည့်ကျစားရသဖြင့် ထမင်းကမမြိန်၊ တစ်ခါတစ်ရံ စားလက်စကို ရပ်လိုက်ရသည့်အခါများလည်းရှိသည်။

အလုပ်ရှုပ်သူ၊ အလုပ်များသူ၊ အလုပ်မအားလျှင် အစာမစားသူများ သတိထားရန်မှာ ဝမ်းမီးအားလျော့သွားခြင်းကြောင့် မန္ဒဝမ်းမီးရောဂါရရှိလာနိုင်ခြင်းဖြစ်သည်။ ဘယ်အချိန်မှာ ငါအစာစားမလဲ၊ စားမည့်အချိန်တွင် အလုပ်နှင့်မတွဲဘဲ လွတ်လပ်စွာစားသောက်နိုင်မည့်အနေအထားကို ကြိုတင်စဉ်းစားထားပါ။

"အစာက အရေးမကြီး၊ အလုပ်က အရေးကြီးသည်။ အလုပ်ကသာ အောင်မြင်မှုကို ပေးနိုင်သည်" ဟု ယူဆထားသူများထဲမှ ထင်ရှားအောင်မြင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် အစာအိမ်ရောဂါ နှစ်ရှည်ခံစားပြီးမှ ကွယ်လွန်သွားရသည်ကို တွေ့မြင်ဖူးသည်။

အစာအိမ်ကင်ဆာရောဂါဖြစ်နေသူ အတော်များများကို လေ့လာကြည့်ရာ ဖြစ်စတွင် အစာမကြေ၊ စားလျှင် ပြန်ပြန်အန်ထွက်ရာမှ စသည်။ မန္ဒဝမ်းမီးကြောင့် အစာခြေရည်မထွက်၊ မခြေနိုင်ခြင်းက စတင်ခြင်းဖြစ်သည်။

အစာမကြေလျှင် အစာကြေဆေးသောက်ရမည်။ အစာကြေဆေးသောက်လိုက်လျှင် အစာကြေသွားမည်ဟု ထင်လျှင်မှားမည်။ မူလဝမ်းမီးအားဖြင့် ခြေထားသောအစာကို ၇၀ ရာခိုင်နှုန်းကြေပြီးမှ ခန္ဓာကိုယ်အားနည်း၍ အစာခြေရည် ဆက်ထွက်မလာလျှင် ကျန် ၃၀ ရာခိုင်နှုန်းကို အစာခြေဆေးများက ကူညီပေးနိုင်သည်။ ဝမ်းမီးအားလျော့ပြီး မန္ဒဝမ်းမီးနုံ့နေလျှင် အစကတည်းက မကြေသောအစာများကို အစာကြေဆေးက ခြေပေးနိုင်မည်မဟုတ်ပါ။

အစာကြေခြင်းတွင် ကျမ်းများအဆိုအရ အဆင့်ခုနစ်ဆင့်အထိ ကြေချက်ရသည်။

ခန္ဓာကိုယ်ကြီးအတွက် ပထမအဆင့် အစာကြေလျှင် ရသရည်ဖြစ်သည်။ ဒုတိယအဆင့် အစာကြေလျှင် သွေးဖြစ်သည်။ တတိယအဆင့် အစာကြေလျှင် အသားဖြစ်သည်။ စတုတ္ထအဆင့်အစာကြေလျှင် အဆီဖြစ်သည်။ ပဉ္စမအဆင့်အစာကြေလျှင် အရိုးဖြစ်သည်။ ဆဋ္ဌမအဆင့်အစာကြေလျှင် ခြင်ဆီဖြစ်သည်။ သတ္တမအဆင့်အစာကြေလျှင် သုက်ဖြစ်သည်။

အကျယ်ကိုမဖော်ပြနိုင်သော်လည်း ဝမ်းမီးအားမကောင်းလျှင် အဆင့်ဆင့်မကြေချက်နိုင်သဖြင့် ရသရည်အဆင့်တွင်ပင်ကြေပြီး နောက်အဆင့်များမရောက်နိုင်လျှင် အသွေး၊ အသား၊ အရိုး အားရှိသောဓာတ်များ ခန္ဓာကိုယ်က ရရှိတော့မည်မဟုတ်ပါ။

လမ်းလျှောက်ပေးခြင်းသည် ဝမ်းမီးကိုတောက်စေသော သတ္တိအပြည့်ရှိသည်။ လူတိုင်း လမ်းလျှောက်ချိန် တစ်ရက်လျှင်နှစ်နာရီပေးသင့်သည်။ သီးသန့်လမ်းလျှောက်ချိန်မရှိပါက အလုပ်နှင့်မဝေးလွန်းလျှင် လမ်းလျှောက်ပြီးသွားပါ။ ဝမ်းမီးပြန်ကောင်းလာရန် ငွေမကုန်သော ဆေးကုသနည်းဖြစ်သည်။

အစာမကြေမန္ဒဝမ်းမီးရောဂါရပြီထင်လျှင် အစာစားပြီးချိန်တွင် ထိုင်မနေပါနှင့်။ ဝမ်းမီးအားနည်းသော် အစာစားပြီးလျှင် အိပ်ချင်ငိုက်မျဉ်းလာလေ့ရှိသည်။ မအိပ်ပါနှင့်၊ ထပြီး လမ်းအနည်းငယ်လျှောက်လိုက်ပါ။ လမ်းလျှောက်လျှင် အစာအိမ်နံရံကြွက်သားများကို လှုံ့ဆော်သလိုဖြစ်ပြီး အစာခြေရည်ထွက်ကျလာပါလိမ့်မည်။ ထိုအခါ မန္ဒဝမ်းမီးရောဂါကို ကုသပေးရာရောက်ပါလိမ့်မည်။

အစာအိမ်ကျန်းမာမှ လူကျန်းမာမည်။

မန္ဒဝမ်းမီးရောဂါဘေး ကင်းဝေးကြပါစေ။

# မင်းဘူး(စကု)မြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မင်းဘူး ဇွန် ၁၆


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်း လုပ်ငန်းများကို မြို့မစည်ပင်သာယာဈေးကြီးနှစ်ခု၌ ဇွန်လ ၁၆ ရက်တွင် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က မင်းဘူးမြို့မစည်ပင်သာယာဈေးနှင့် စကုမြို့မစည်ပင်သာယာဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်များနှင့် ဒေသခံပြည်သူများကို ပလတ်စတစ်သုံးစွဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် ပလတ်စတစ်ညစ်ညမ်းမှုကိုဖြေရှင်းရန် နည်းလမ်းများ၊ ထိန်းချုပ်ခြင်းနည်းလမ်း သဘောတရားများ၊ သုံးစွဲမှုလျှော့ချရန် နည်းလမ်းနှင့် စည်းမျဉ်းများ၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူအဟောင်းများနှင့် ဆွေးမြည့်လွယ်သော ထုပ်ပိုးပစ္စည်းများကို အစားထိုးသုံးစွဲရေး အသိပညာပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

အဆိုပါ ပလတ်စတစ်များသုံးစွဲမှုလျှော့ချရေးနှင့်အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးများနှင့်လူစည်ကားရာနေရာများ၌ အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ် သုံးစွဲမှုလျှော့ချရေးနေ့အဖြစ် သတ်မှတ်၍ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**မောင်မောင်(မင်းဘူး)**



# ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ် လီဗာပူးအသင်း၌ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၉၅၀၀၀ သာရရှိမည်




**လန်ဒန် ဇွန် ၁၆**

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် လေဗာကူဆင်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်သည် လီဗာပူးအသင်း၌ မြင့်မားသည့်လုပ်ခလစာရရှိမည်မဟုတ်ဘဲ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၉၅၀၀၀ သာရရှိမည်ဖြစ်ကြောင်း သိရသည်။

လေဗာကူဆင်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သည့် ဖလိုရီယန်ဝက်ဇ်ကို ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် လီဗာပူး၊ ဘိုင်ယန်မြူးနစ်နှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန်အပြိုင်ကြိုးပမ်းခဲ့ရာမှ လီဗာပူးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းက ဖလိုရီယန်ဝက်ဇ်အတွက် စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ကို အသုံးပြုခဲ့ရပြီး စတာလင်ပေါင် သန်း ၁၀၀ အပြင် အပိုဆုကြေး စတာလင်ပေါင် ၁၆ သန်း စုစုပေါင်း ၁၁၆ သန်း ပေးချေခဲ့ရခြင်းဖြစ်သည်။

ဖလိုရီယန်ဝက်ဇ်အနေဖြင့် လီဗာပူးအသင်း၌ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၉၅၀၀၀ သာရရှိမည်ဖြစ်သော်လည်း စာချုပ်ပါအချက်အလက်များအရ ခြေစွမ်းပြနိုင်မှုအပေါ်မူတည်ပြီး ခြေစွမ်းပြနိုင်မည်ဆိုပါက တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၂၄၅၀၀၀ ရရှိမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ဖလိုရီယန်ဝက်ဇ်ကို စံချိန်တင်လုပ်ခလစာတစ်ရပ်ဖြင့် ခေါ်ယူနိုင်ပြီးနောက် နယူးကာဆယ်အသင်းမှ ဂေါ်ဒွန်ကိုလည်း စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Daily Express*

# ဆော်ဒီထိပ်တန်းကလပ်အသင်းများ၏ကမ်းလှမ်းမှုကို ဂိုးသမား မာတီနက်ဇ်ပယ်ချပြီး ဥရောပကလပ်အသင်းတစ်သင်း၌သာ ကစားရန်ဆုံးဖြတ်ထား

**လန်ဒန် ဇွန် ၁၆**

အက်စ်တွန်ဗီလာအသင်းမှထွက်ခွာမည့် ဂိုးသမား မာတီနက်ဇ်ကို ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက ကမ်းလှမ်းမှုများရှိခဲ့သော်လည်း မာတီနက်ဇ်ကိုယ်တိုင်က ကမ်းလှမ်းမှုများကိုပယ်ချပြီး ဥရောပကလပ်အသင်းတစ်သင်း၌သာ ကစားရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

မာတီနက်ဇ်သည် အာဆင်နယ်အသင်းတွင် ကစားခွင့်မရရှိသည့်အတွက် ၂၀၂၂ ခုနှစ်က အာဆင်နယ်အသင်းမှ အက်စ်တွန်ဗီလာအသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ကာ နောက်ပိုင်းဘောလုံးရာသီများတွင် အက်စ်တွန်ဗီလာအသင်း ဥရောပအဆင့်ပြိုင်ပွဲများ ကစားခွင့်ရရှိရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းနှင့် ဂိုးသမား မာတီနက်ဇ်တို့၏စာချုပ်သက်တမ်းမှာ ယခုလကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဂိုးသမား မာတီနက်ဇ်က ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် မန်ယူအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ပရိသတ်များကို မျက်ရည်များနှင့်နှုတ်ဆက်ကာ အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မာတီနက်ဇ်သည် အက်စ်တွန်ဗီလာအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည့်အပြင် အာဂျင်တီးနား လက်ရွေးစင်အသင်းတွင်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ပြီးနောက် ဆော်ဒီထိပ်တန်းကလပ်အသင်းများက ၎င်းကို အပြိုင်ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း မာတီနက်ဇ်ကိုယ်တိုင်က ဥရောပကလပ်အသင်းတစ်သင်း၌သာ ကစားလိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ဂိုးသမား မာတီနက်ဇ်သည် မန်ယူအသင်းသို့ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

*Ref;Goal.com*

# မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းတွင် ဟွိုက်လန်းကိုရောင်းချပြီး ဇက်ဇီးကို အသင်း၌ဆက်လက်ထိန်းထားရန်ဆုံးဖြတ်




**မန်ချက်စတာ ဇွန် ၁၆**

မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းမှ ဟွိုက်လန်းကို ပြန်လည်ရောင်းချပြီး ဇက်ဇီးကို အသင်း၌ ဆက်လက်ထိန်းထားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် အသင်းသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော ဘောလုံးရာသီနှင့် တွေ့ကြုံခဲ့ရပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို ကြီးကြီးမားမားအပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး အသင်းမှကစားသမားအများစုကိုရောင်းချ၍ ကစားသမားသစ်များနှင့် ပြန်လည်အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ဟွိုက်လန်းသည် ၂၀၂၃ ခုနှစ်က အတ္တလန္တာအသင်းမှ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော စတာလင်ပေါင် ၇၂ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အတ္တလန္တာအသင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း မန်ယူအသင်း၌ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

ဟွိုက်လန်းသည် ယခုဘောလုံးရာသီတွင်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရပြီး ပြိုင်ပွဲစုံ ၅၂ ပွဲကစားခဲ့ရာ ၁၀ ဂိုးတည်းသာသွင်းယူနိုင်သည့်အတွက် မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အလားတူ ဇက်ဇီးသည်လည်း ၂၀၂၄ ခုနှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၆ သန်းဖြင့် ဘိုလော့နာအသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၇ ပွဲပါဝင်ကစားခဲ့ရာ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ပြင် ပွဲစဉ်အများစုတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် မန်ယူအသင်းက ဇက်ဇီးကို အသင်း၌ဆက်လက်ထိန်းထားပြီး ဟွိုက်လန်းကိုရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် ဟွိုက်လန်းကို စီးရီးအေထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အင်တာမီလန်အသင်းက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဂါလာတာဆာရေးအသင်းက ဂိုးသမား တာစတီဂျန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ

**အစ္စတန်ဘူလ် ဇွန် ၁၆**

တူကီယဲထိပ်တန်းကလပ် ဂါလာတာဆာရေးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သည့် ဂိုးသမား တာစတီဂျန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဂိုးသမား တာစတီဂျန်သည် ၂၀၁၂ ခုနှစ်က ဂလာဘတ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး နောက်ပိုင်းနှစ်များတွင် အသင်း၏ အဓိကပွဲထွက်ဂိုးသမားအဖြစ် ဘောလုံးရာသီတိုင်းတွင်ပါဝင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် နည်းပြ ဟန်ဆီဖလစ်လက်အောက်၌ ပွဲကစားခွင့်မရှိဖြစ်နေသည့်အတွက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တာစတီဂျန်သည် ယခုဘောလုံးရာသီအစပိုင်းက ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရသည့်အတွက် ပွဲစဉ်အများစုကို လွဲချော်ခဲ့ရပြီး ဒဏ်ရာပြန်လည်သက်သာလာချိန်တွင်လည်း နည်းပြ ဟန်ဆီဖလစ်က ပွဲထွက်ဂိုးသမားနေရာအတွက် ဆက်ဇနီကိုသာ ဆက်လက်အသုံးပြုခဲ့ကာ တာစတီဂျန်ကို ဒုတိယဦးစားပေးဂိုးသမားအဖြစ် အသုံးပြုနေသည့်အတွက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဆိုလာဓာတ်အားပေးစနစ်နှင့်ပတ်သက်၍ ဗဟုသုတများ၊ နည်းပညာများကို အခြေခံအားဖြင့်သိရှိနိုင်ရန် သင်ကြားပေးမည်





နေပြည်တော် ဇွန် ၁၆

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခု သင်တန်းတွင် ဆိုလာဓာတ်အားပေးစနစ်နှင့်ပတ်သက်၍ ဗဟုသုတများ၊ နည်းပညာများကို အခြေခံအားဖြင့် သိရှိနိုင်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် လျှပ်စစ်လုပ်ငန်း ဆောင်ရွက်နေသူများကို လျှပ်စစ်လုပ်ငန်း အတွေ့အကြုံ၊ လျှပ်စစ်ဆိုင်ရာ ဗဟုသုတ ပိုမိုရရှိလာစေခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များကို သိရှိနားလည်လာခြင်းဖြင့် လျှပ်စစ်လုပ်ငန်း ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်း လာစေခြင်း၊ တိုင်းတာရေးမီတာများနှင့် လျှပ်စစ်သုံးပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုတတ်လာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ကို ဇွန်လ ၁၆ ရက်မှ ဩဂုတ်လ ၈ ရက်အထိ ရက်သတ္တ ၈ ပတ်ကြာဖွင့်လှစ်၍ ဘာသာရပ် ၂၁ မျိုးကို လက်တွေ့လျှပ်စစ်လုပ်ငန်းခွင်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနှင့် စစ်ဆေးရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးဝန်ထမ်းများက သင်ကြားပို့ချသွားမည်ဖြစ်သည်။


သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ လျှပ်စစ်စစ်ဆေးရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြောင်းသိရသည်။

မြဝတီ


# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇွန် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၁၃ ရက်**တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ ရထားသံလမ်းအနီး၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ (၄)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၃ ရက်**တွင် သာစည်မြို့နယ်အတွင်း၌ တရားမဝင်သစ်ခုတ်ရာတွင် အသုံးပြုသည့် Matador ဘက်ဟိုးယာဉ် (၁)စီး၊ Sumitomo ဘက်ဟိုးယာဉ် (၁)စီး၊ Doosan ဘက်ဟိုးယာဉ်(၁)စီးနှင့် ဆက်စပ်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၅၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဇွန်လ ၁၄ ရက်**တွင် ရတနာပုံတံတား (နွာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၁၅)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၄၆၄၇၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၄၉၉၆၄၇၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၁၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Malaysia Airlines လေယာဉ်ခရီးစဉ်အမှတ် MH–0740/ SF – 5674 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၄ ရက်**တွင် ဘားအံမြို့နယ်၊ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **ဇွန်လ ၁၅ ရက်**တွင် ဘားအံမြို့၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chana Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၁၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၁၂)ပီပါ၊ ဓာတ်ဆီ (၆)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၅၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇွန်လ ၁၅ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၃၁၆၄၇၀)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

ဧရာဝတီမျိုးစေ့

# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍
# အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း NK 625 သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်းပျမ်းမျှ ၉၅ % သို့မဟုတ် ၉၅ % ထက်မြင့်မားမှုရှိပြီး တောင်သူများယုံကြည်စိတ်ချစွာစိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။ အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။ သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော NK 625 5kg(Thailand) မျိုးစေ့များတွင် အပင်ပေါက်သက်ရောက်မှုများရှိခဲ့ပြီး သတ်မှတ်ထားသောအပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ပါသည်။

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅ % အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်းစံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ်(သို့) Lots ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသောမျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923
- တောင်သူများဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာဖြစ်ပေါ်လျက်ရှိသောကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန်ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော NK 625 5kg မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့်(သို့မဟုတ်)ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ ကီလိုတစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှတစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သောဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- **နီးစပ်ရာကိုယ်စားလှယ်ဆိုင်**
- **ရှမ်း(တောင်)၀၉-၇၅၀၂၁၁၆၈၇**
- **ရှမ်း(မြောက်)၀၉-၇၅၀၂၁၁၆၈၈**
- **info@ayeyarwaddyseeds.com**

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သောအရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**





**အမည်မှန်**
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အ.ထ.က (၁)ကျောင်း၊ Grade–11 မှ အဘ ဦးကြည်ဝေ ၆/တသရ(နိုင်)၀၄၁၁၂၈ ကိုင်ဆောင်သူ၏သမီး အမည်မှန်မှာ မနှင်းနန္ဒာလှိုင်းဖြစ်ပါကြောင်း။
မနှင်းနန္ဒာလှိုင်း

**အမည်မှန်**
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် အ.ထ.က(ခွဲ)ဇဝဲကျောင်း၊ Grade–11 မှ အဘ ဦးအောင်သူ၏သမီး အမည်မှန်မှာ မမြတ်ဖူးပွင့်ဖြစ်ပါကြောင်း။
မမြတ်ဖူးပွင့်

**ပျောက်ဆုံးကြောင်း**
မိစုစုမွန်(ဘ)ဦးဖေအောင် ၁၀/ပခန(နိုင်)၂၀၁၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၉၈၂၂၀၀၀၇

**ပျောက်ဆုံးကြောင်း**
မိုးညှင်းမြို့နေ မနွယ်နွယ်ခိုင်(ဘ)ဦးမြင့်ဆွေ ၁/မညန(နိုင်)၀၂၆၆၅၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
ပြည်ကြီးတံခွန်မြို့နယ်နေ ဦးစည်သူဖြိုးလင်း(ဘ)ဦးသန်းလွင် ၉/မရတ(နိုင်)၁၃၁၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
စောသဥ္ဇာနွယ်(ဘ)ဦးလင်းထိန်ရန်အောင် ၁၄/ပသန(နိုင်)၃၅၀၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၈၉၃၁၁၄၇

**ပျောက်ဆုံးကြောင်း**
စုမြတ်မိုး(ဘ)ဦးသိန်းအောင် ၈/နမန(နိုင်)၂၄၆၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 738231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၈၈၂၅၈၄၇၅၄

**ပျောက်ဆုံးကြောင်း**
စုစုနိုင်(ဘ)ဦးဝင်းလှိုင် ၁/ဗမန(နိုင်)၀၉၃၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 768414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၇၈၀၈၄၅၅

**ပျောက်ဆုံးကြောင်း**
ပြည့်စုံဦး(ဘ)ဦးညွန့်သိန်း ၁၂/မဂတ(နိုင်)၁၅၀၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ဖြိုး(ဘ)ဦးတင်အောင်မိုး ၇/မလန(နိုင်)၁၃၀၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
ဘားအံမြို့၊ အ.ထ.က ဇေသပြင် Grade–11 မှ မမြတ်ဇင်အောင်၏ဖခင်အမည်မှန်မှာ ဦးသန်းထွန်းလေး ၁၀/ခဆန(နိုင်)၀၈၇၂၁၁ ဖြစ်ပါကြောင်း။
ဦးသန်းထွန်းလေး

**မွေးသက္ကရာဇ်အမှန်**
ဘားအံမြို့၊ အ.ထ.က (ခရား)Grade–12 မှ မိနှင်းသဇင်ကျော် ၃/ဘအန(နိုင်)၄၈၉၇၆၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉–၁၂–၂၀၀၆ ဖြစ်ပါကြောင်း။
၉–၁၂–၂၀၀၆


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလည်းပေး ဗဟုသုတလည်းရ
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းကြိုးကြာနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ဟန်တင်(သုံးဆယ်)၊ ကန့်ဘလူကံတင်အောင်၊ မင်းနီနိုင်(မောင်တော)၊ မန်းတင့်မော်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း စေဝေဆာဆာဖြင့် (၁၇-၆-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၂၂)ထွက်ပြီ။


♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦





သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော

တေဇ ရုပ်စုံ


- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဖွန်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။



မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off )**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# အမှိုက်ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြအသိပညာပေးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဝင်းအတွင်း ကျင်းပသောအမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး သရုပ်ပြသခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန်အတွက် ဈေးများ၊ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ပြည်သူလူထုများနှင့် လူစည်ကားရာနေရာများတွင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Cement grouting နှင့် Soil stabilization လုပ်ငန်းဆောင်ရွက်နေမှု၊ Backhoe breaker ဖြင့် မူလရင်ပြင်တော်ကြမ်းခင်းတူးဖော်ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရေးဆွေးနွေးမှာကြားကာ ဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမဦ့ကျင်းပသည့် နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် (မြန်မာ့အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ၁) နှင့်သပြေကုန်းဈေး ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် MPT က သစ်ပင် ၁၄၀၀ ကျော် စိုက်ပျိုး



**ရန်ကုန် ဇွန် ၁၆**


တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် MPT ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများက သစ်ပင် ၁၄၀၀ ကျော်ကို ဇွန်လ ၁၄ ရက်က စိုက်ပျိုးခဲ့ကြောင်းသိရသည်။

နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးမှုကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် MPT ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းပေါင်း ၇၀၀ ကျော်တို့က ပျိုးပင်ပေါင်း ၁၄၀၀ ကျော်ကို တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ကလည်း မိုးရာသီကာလတွင် နှစ်စဉ်စိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သစ်ပင်များ စိုက်ပျိုးမှုမှအရိပ်ရအပင်များ တိုးပွားလာခြင်း၊ လေထုအရည်အသွေးကို မြှင့်တင်ပေးနိုင်ခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးကိုရရှိစေလျက်ရှိပြီး သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့ကိုလည်း လျှော့ကျစေခြင်းကြောင့် MPT အနေဖြင့်လည်း ၂၀၁၇ ခုနှစ်မှ ယနေ့အထိ နိုင်ငံတစ်ဝန်း၌ သစ်ပင်ပေါင်း ၂၀၀၀၀ ကျော်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**




# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

**ပြည် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဇွန်လ ၁၆ ရက်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပရာ ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် Grade -10 ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးတက်ရောက်ကြသည်။

ဟောပြောပွဲတွင် ပြည်ခရိုင်ဥပဒေရုံး ခရိုင်ဒုတိယဥပဒေအရာရှိ ဦးစိုးမြတ်ဦးက ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေမှုအကြောင်း၊ ကလေးအလုပ်သမား အသက်အရွယ်သတ်မှတ်ချက်နှင့် အလုပ်ချိန် သတ်မှတ်ချက်အကြောင်း၊ ကလေးသူငယ်အခွင့်အရေးနှင့် ဥပဒေအကြောင်းအရာများ အပါအဝင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေးဆွေးနွေးဟောပြောရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါး အန္တရာယ်သိမှတ်ဖွယ်ရာနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ၁၆-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၄) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၆**

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ချမှတ်ထားသည့် သင်တန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး မိမိဝန်ကြီးဌာန၏ဂုဏ်ကို ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၄) သို့ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၁၁၅ ဦး၊ သင်တန်းသူ ၂၅၂ ဦး စုစုပေါင်း၃၆၇ ဦးတို့ တက်ရောက်ကြောင်းနှင့်သင်တန်းကာလမှာ ဇွန်လ ၁၆ ရက်မှ ဩဂုတ်လ၂၇ ရက်ထိ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးအား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထားစာရင်းဇယားများမှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Counsellor Mr.Muhammad Asif နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၇၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင်အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပါကစ္စတန်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

# မင်္ဂလာတောင်ညွန့်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ



တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်ဘူတာကြီးရှေ့တွင် သတင်းအရ မောင်အောင်သန်း(ခ)ကျော်သန်း၊ မောင်ကျော်နိုင်နှင့် သန်းလွင် တို့ ၃ ဦး သယ်ဆောင်လာသည့် စက္ကူဂျပ်ဖာပုံးအား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရွှေပြည်သာမြို့နယ်၊ (၂၀) ရပ်ကွက်၊ မြောင်းမြ(၆)လမ်းရှိ ကျော်နိုင်၏နေအိမ်အား ယင်းနေ့ ညနေ ၄ နာရီခွဲအချိန် ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၃ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၁၆

ယနေ့ညနေ ၃ နာရီ ၄၄ မိနစ် ၀၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၄၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region)၊ မြောက်လတ္တီတွဒ် ၁၀ ဒသမ ၉၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၂၈ ဒီဂရီ၊ အနက် ၁၂၄ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | ကျိုင်းတုံ | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၆၀ | ၂၉၃၀ | ၂၈၆၅ | ၂၉၇၀ | ၂၉၈၅ | ၃၀၀၀ | ၂၉၂၀ | ၄၅၀၅ | ၃၂၁၅ | ၂၉၃၅ | ၂၉၄၀ | ၃၀၁၀ | ၂၉၇၅ | ၂၉၉၅ | ၃၂၅၀ |
| 95 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၈၅ | ၄၅၆၀ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၅၂၅ | ၂၄၉၀ | ၂၄၂၅ | ၂၅၃၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၈၀ | - | ၂၇၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၅၅ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၁၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၁၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၈၄ | ၂၇၇၁ |
| 95 Ron | ၂၇၄၈ | ၂၈၃၇ |
| HSD (500 ppm) | ၂၂၅၈ | ၂၃၃၄ |
| HSD (50 ppm) | ၂၈၂၁ | ၂၉၀၇ |
| HSD (10 ppm) | ၂၈၂၁ | ၂၉၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၀၂/မမ/စာရေးကိရိယာ/ ဌာနခွဲအသီးသီး | နိုင်ငံခြားစက္ကူများနှင့် မိတ္တူကူးစက်ဆက်စပ်ပစ္စည်းများဝယ်ယူရန် |
| ၂ | ၁၃၅/မမ/ဌာနခွဲအသီးသီး | ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်း(၁၁)မျိုးဝယ်ယူရန် |
| ၃ | ၁၃၆/မမ/CE | **တိုင်း(၃)မန္တလေး** ဘဲလင်း-ကျောက်ဆည်ကြား၊ တံတားအမှတ်(၇၇၁)တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(နှစ်ဆက်လုပ်ငန်း) |
| ၄ | ၁၃၇/မမ/CE | ကျောက်ဆည်-မင်းစုကြား၊ တံတားအမှတ်(၇၃၉)တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)(၂)(၃၀-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၃)(၄)(၁၆-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆-၆-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | တာယာ | ၂ မျိုး |
| ၂။ | ဘက်ထရီ | ၂ မျိုး |
| ၃။ | စက်ဆီချောဆီ | ၆ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၁၇-၆-၂၀၂၅/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂-၇-၂၀၂၅/နေ့လယ် ၁၅:၀၀နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**

**ပျောက်ဆုံးကြောင်း**
မင်းသူအောင်(ဘ)ဦးတက်စိုး ၇/ပခတ(နိုင်)၀၆၁၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 530777)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မိုးမိုးလှိုင်(ဘ)ဦးကျော်မောင် ၈/ကမန(နိုင်)၀၇၂၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 693719)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သူဇာနွယ်(ဘ)ဦးပေါက်စ ၁၄/ဟသတ(နိုင်)၃၈၇၁၂၁ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အိသက်ဇွန်(ဘ)ဦးလှမိုး ၈/တတက(နိုင်)၂၉၂၆၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 756129)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဆန်းတိုး(ဘ)ဦးပြား ၉/ရမသ(နိုင်)၁၆၃၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီတာဝင်း(ဘ)ဦးတင်မြင့် ၈/မလန(နိုင်)၀၈၃၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
အဒူဝါဟဲဒ်(ဘ)မာမောက်အီရှား ၁၁/ဘသတ(ပြု)၀၀၂၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 434514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၂၆၂၇၇၅

**ပျောက်ဆုံးကြောင်း**
အာကျီဒ်တီဘီ(ဘ)အဘူတာဟေရ်၁၁/ဘသတ(ပြု)၀၀၁၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 434513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၂၆၂၇၇၅

**ပျောက်ဆုံးကြောင်း**
အောင်ကိုကိုဇော်(ဘ)ဦးသိန်းဇော်၇/ကပက(နိုင်)၀၆၄၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၆၉၁၄၀၇

**ပျောက်ဆုံးကြောင်း**
ခိုင်ဇော်(ဘ)ဦးငွေထွန်း ၇/ပခတ(နိုင်)၀၅၉၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်သူ(ဘ)ဦးတင်ထွန်း ၁၂/တမန(နိုင်)၀၀၆၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မျိုးမင်းအောင်(ဘ)ဦးသိန်းအန်း ၁၄/ပသန(နိုင်)၁၆၈၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၆၇၃၄၆၆

**ပျောက်ဆုံးကြောင်း**
သူရအောင်(ခ)သော်ထက်(ဘ)ဦးစိုးသန်း ၁၂/ကတတ(နိုင်)၀၃၁၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လှရွှေ(ဘ)ဦးယိုင်ထွန်းဖြူ ၁၂/မရက(နိုင်)၁၂၀၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.မ.က(၂)၊ ညောင်ပလ္လင်ကျောင်း၊ Grade-2 မှ နန်းဟေကို၏ ဖခင်အမည်မှန်မှာ ဦးမိုးမြင့်သက်ပိုင် ၁၀/ဘလန(နိုင်)၁၇၀၂၆၆ ဖြစ်ပါကြောင်း။
ဦးမိုးမြင့်သက်ပိုင်

**ပျောက်ဆုံးကြောင်း**
နှင်းဝေအောင်(ဘ)ဦးခင်စိုး ၇/အတန(နိုင်)၁၇၇၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရန်အောင်ဝင်း(ဘ)ဦးရန်ရှုရန် ၁၃/လရန(နိုင်)၂၁၇၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅)ရတနာပုံလမ်း(A လမ်း B လမ်း)ဈေးကုန်းအနောက်ရပ်ကွက်နေ ဒေါ်ရှယ်လီဂိုမန်းကျိုင်(ဘ)ဦးခုပ်ဆားဝုန့် ၄/ဟခန(နိုင်)၀၀၉၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၄၁၇၀၁၂

**ပျောက်ဆုံးကြောင်း**
ဝင်းထွန်း(ဘ)ဦးမြင့်ဆွေ ၁၂/လသန(နိုင်)၀၀၁၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 701342)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၂၁၂၃၀၈

**ပျောက်ဆုံးကြောင်း**
မို့မို့သန္တာအောင်(ဘ)ဦးအောင်မြင့်မော် ၁၂/ဥကမ(နိုင်)၂၀၃၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၁၇၂၄၄၉

**ပျောက်ဆုံးကြောင်း**
မြတ်ကိုကို(ဘ)ဦးအုန်းသောင်း ၁၂/ဥကမ(နိုင်)၁၇၈၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၁၇၂၄၄၉

**ပျောက်ဆုံးကြောင်း**
ထက်မြတ်မင်းလွင်(ဘ)ဦးမင်းလွင် ၁/မကန(နိုင်)၂၁၁၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
သန်းကိုကို(ဘ)ဦးလှဝေ ၁၀/မလမ(နိုင်)၂၀၈၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
ပိုင်ဟုန်းဂေ(ဘ)ဦးပိုင်ဟုန်း ၄/မတပ(နိုင်)၀၄၀၃၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၇၃၃၀၂၃

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်မိုး(ဘ)ဦးညွန့်သောင် ၉/ဝတန(နိုင်)၂၆၂၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၄၂၇၆၉၁

**ပျောက်ဆုံးကြောင်း**
ကျော်သက်ဦး(ဘ)ကျန်တာချန် ၁၃/လကန(နိုင်)၀၄၇၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၇၇၇၇၉၂

**ပျောက်ဆုံးကြောင်း**
တင်တင်လှ(ဘ)ဦးစောလှ ၇/ရတန(နိုင်)၀၀၉၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၀၂၇၇၉

**ပျောက်ဆုံးကြောင်း**
မြတ်သူဟန်(ဘ)ဦးတင်စိန် ၁၄/ဝခမ(နိုင်)၁၄၃၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၇၉၃၉၉၉၅

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ တပ်ကုန်းမြို့၊ ညောင်လွန့်ကျေးရွာအုပ်စု၊ ညောင်လွန့်အနောက်ကျေးရွာနေ မလတ်လတ်ဖြိုး(ဘ)ဦးလှဝင်း ၉/တကန(နိုင်)၁၈၃၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၃၂၂၈၂၀၂

**ဖခင်အမည်မှန်**
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် အ.ထ.က(ခွဲ)ဇဝဲကျောင်း Grade-3 မှ မောင်မြတ်သူအောင်နှင့် Grade-7 မှ မနှင်းသဇင်ခိုင်တို့၏ဖခင်အမည်မှန်မှာ ၆/မမန(နိုင်)၁၅၁၂၃၀ ကိုင်ဆောင်သူ ဦးထွန်းထွန်းဦးဖြစ်ပါကြောင်း။
ဦးထွန်းထွန်းဦး

**ပျောက်ဆုံးကြောင်း**
ရန်ကုန်မြို့နေ ကျော်လင်း(ဘ)ဦးအောင်ကြည် ၁၂/စခန(နိုင်) ၀၁၂၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်လံမြို့နယ်၊ ကျီရပ်ကုန်းရွာနေ မောင်ဥက္ကာထွန်း(ဘ)ဦးသန်းထွန်း ၈/အလန(နိုင်)၁၈၅၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 457110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗထူး(၆)လမ်း၊ ၂၈/၄၆နေ မောင်ဝေဖြိုး(ဘ)ဦးမောင်ဝင်း ၇/အတန(နိုင်)၀၈၁၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကန်ကြီးထောင့်မြို့နယ်၊ ခွါကွင်းကျေးရွာနေ မဇင်မာလွင်(ဘ)ဦးမြင့်အုန်း ၁၄/ကကထ(နိုင်)၁၉၃၉၉၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၀၅၆၇၆၂

**ပျောက်ဆုံးကြောင်း**
ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ အင်းလေးကျေးရွာနေ ချမ်းမို့မို့အောင်(ဘ)ဦးပွဲအောင် ၁/ဟပန(နိုင်)၀၁၄၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 280950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၃၅၀၃၉၉

**ပျောက်ဆုံးကြောင်း**
ကျောက်ပန်းတောင်းမြို့နယ်နေ မော်မော်အေး(ဘ)ဦးတင်ဝင်း ၉/ကပတ(နိုင်)၀၃၀၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျောက်ပန်းတောင်းမြို့နယ်၊ လွတ်လပ်ရေးရပ်နေ ဦးဇော်ဌေး(ဘ)ဦးယုထိန် ၉/ကပတ(နိုင်)၀၀၁၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ငါန်းဇွန်မြို့နယ်၊ မိုးတောင်အုပ်စုနေ စိုးသဥ္စာနွယ်(ဘ)ဦးဝင်းနိုင် ၉/ငဇန(နိုင်)၁၄၈၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ငါန်းဇွန်မြို့နယ်၊ မိုးတောင်အုပ်စုနေ ဖြိုးသန္တာဦး(ဘ)ဦးဝင်းနိုင် ၉/ငဇန(နိုင်)၁၄၈၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နမ့်ခမ်းမြို့နယ်နေ နန်းဆိုင်လိန်ခမ်း(ဘ)ဦးမောင်မောင်စိန် ၁၃/နခန(နိုင်)၀၆၃၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 675983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်နေ မာမာလွင်(ဘ)ဦးမြင့် ၇/ပခန(ပြု)၀၀၀၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်သိန်း(ဘ)ဦးခင်မောင် ၁၂/စခန(နိုင်)၀၂၆၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၀၃၅၄၃၆

**ပျောက်ဆုံးကြောင်း**
ရှင်ဝိမလ(ဘ)ဦးအိုက်လုံ ၁၂/ဥကတ(သ)၀၁၉၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၆၃၆၂၈၄

**ပျောက်ဆုံးကြောင်း**
ချောကလျာ(ဘ)ဦးအောင်ထွေး ၁၀/ရမန(နိုင်)၁၄၃၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၇၉၂၄၅၆

**ပျောက်ဆုံးကြောင်း**
စိန်မင်း(ဘ)ဦးအောင်ကျော် ၁၂/မဂတ(နိုင်) ၀၃၇၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၃၂၂၁၀

**ပျောက်ဆုံးကြောင်း**
လှထွန်း(ဘ)ဦးဆာမိ ၁၂/ရကန(နိုင်)၀၆၅၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၁၂၂၃၂

**ပျောက်ဆုံးကြောင်း**
ဖာတေ(ဘ)ဦးယိုသုတ်အာလီ ၁၁/ရဗန(နိုင်)၁၀၇၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၈၈၄၈၇၉

**ပျောက်ဆုံးကြောင်း**
စိုင်းခွန်နောင်(ဘ)ဦးဆူလေမန် ၁၂/သကတ(နိုင်)၁၉၀၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၀၁၂၅၁၁

**ပျောက်ဆုံးကြောင်း**
နော်အင်ဂျလာ(ဘ)ဦးဟန်နရီဘဲစယ် ၇/ကဝန(နိုင်)၂၀၇၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 431987)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၈၅၀၀၆၀၄

**ပျောက်ဆုံးကြောင်း**
ခင်စန်းဝင်း(ဘ)ဦးဘခိုင် ၁၂/သခန(နိုင်)၀၁၅၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၁၇၅၄၅

**ပျောက်ဆုံးကြောင်း**
အေးအေးအောင်(ဘ)ဦးရွှေ ၁၂/လမန(နိုင်)၀၀၇၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၉၇၈၈၉

**ပျောက်ဆုံးကြောင်း**
စိန်လှိုင်(ဘ)ဦးမောင်လှ ၁၂/တမန(နိုင်)၁၀၃၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၆၈၄၆၂၆

**ပျောက်ဆုံးကြောင်း**
ဇော်နိုင်ထွန်း(ဘ)ဦးချက်ဖောင်း ၉/ပဘန(နိုင်)၂၁၅၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 555224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရန်နိုင်ထွန်း(ဘ)ဦးဇော်ဦး ၁၂/သဃက(နိုင်)၁၇၇၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တိုးတိုးအောင်(ဘ)ဦးမြအောင် ၉/မတရ(နိုင်)၀၂၃၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးသန်းမြင့်(ဘ)ဦးဒိုင်နာမိုဟာမက် ၁၂/စခန(နိုင်)၀၅၈၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၃၀၃၃၀


SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရန်လို . . .**

❖ **ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ် . . .**

❖ **ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း

စာမျက်နှာ ၁၆ ကော်လံ ၁ ◆



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

---

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

စာ - ၁၅ သို့

## နိုင်ငံတကာသတင်း

**အမေရိကန်၏ ဝေဟင်ဆီဖြည့်လေယာဉ်အစင်း ၃၀ ကျော် အရှေ့အလယ်ပိုင်းသို့ရောက်ရှိလာ**

**အီရန်က အစ္စရေးထောက်လှမ်းရေးနှစ်ဦးကို ဒရုန်း ၂၃ စင်းနှင့်အတူဖမ်းဆီးရမိထားဟုဆို**

**ဂျပန်၌ ဆန်ဈေးနှုန်းများ သီတင်းပတ်သုံးပတ်အထိ ဆက်လက်ကျဆင်းလာ**

စာ - ၂၃ သို့